
မိုးယံ့လေးခါးမြေရောက်မေဟုလာ
mgyoe.com



# မြန်မာ့ယဉ်ကျေးမှုသမိုင်း

## သိပ္ပံစိုးရင်

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ယဉ်ကျေးမှုဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။ မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ မည်သည့်ခြင်းရာများ ဖြစ်ပါသနည်း။ မည်သည့်အခြေခံ အကြောင်းချင်းရာများပေါ်တွင် မှီ၍ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကို ပြုစုပျိုးထောင်ခဲ့သနည်း။ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ဓလေ့များဆိုသည်မှာ မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့သနည်း။ ထိုယဉ်ကျေးမှု၏ အဓိက ပင်မသည် မည်သည်တို့ ဖြစ်ကြသနည်း။ မြန်မာ့ယဉ်ကျေးမှု၏ အနာဂတ်သည် မည်သည့်ပုံစံသွင်ပြင်သို့ ဦးတည်နေသနည်း။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြရန် နှိုးဆော်နေသည်မှာ မည်သည်တို့ကို မည်သို့မည်ပုံ ထိန်းသိမ်းရမည်နည်း အစရှိသည်ဖြင့် ယဉ်ကျေးမှုပြဿနာများကို စူးစမ်းသည့်အခါတွင် . . .

အချို့ကလည်း ဝတ်စားဆင်ယင်မှု၊ အနုပညာ၊ စာပေစသည်တို့ကိုပင် မြန်မာ့ယဉ်ကျေးမှုဖြစ်၍ ၎င်းတို့ကို အမြတ်တနိုးထားရှိလျက် အစဉ်အမြဲ မပြောင်းလဲအောင် ထိန်းသိမ်းရမည်ဟု ဆိုလိုကြသည်။ အချို့ကလည်း ရိုးရာဓလေ့၊ ထုံးတမ်းစဉ်လာ၊ အယူအဆများသည် မြန်မာ့ယဉ်ကျေးမှုဖြစ်၍ ၎င်းတို့ကို ထာဝစဉ် တည်မြဲနေရန် ကြိုးစားရမည်ဟု ဆိုသည်။ ခေတ်လူငယ်များကမူ ကောင်းသည့် ထုံးတမ်းဓလေ့ကိုယူ၊ ဆွေးမြည့်နေသော ထုံးတမ်းအစဉ်အလာ မှန်သမျှ ပယ်ရမည်ဟု ညွှန်းကုန်သည်။

ကောင်းပါပြီ။ ဟောင်းသော၊ ကောင်းသောဆိုသည်မှာ မည်သူက မည်သို့ ဆုံးဖြတ်ပေးမည်နည်း။ မည်သည့်မှတ်ကျောက်တင်၍ အကဲဖြတ်မည်နည်း။ မည်သို့သော အယူအဆ၊ ဓလေ့ထုံးစံတို့သည် ဟောင်းနေပြီဟု စာရင်း ပြုလုပ်ကြမည်နည်း။

# မြန်မာ့ယဉ်ကျေးမှုသမိုင်း

## သိပ္ပံစိုးရင်

ISBN 9789997117816
HIS37
9 789997 117816
2,000.00KS

20 years
Seikku Cho Cho

မျက်နှာဖုံးပန်းချီ - ဓကစာချို

mgyoe.com

မြန်မာ့ယဉ်ကျေးမှုသမိုင်း။ သိပ္ပံစိုးရင်
စာမျက်နှာ ၁၇၇++ မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၄၊ စံပယ်ဦးပုံနှိပ်တိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့ယဉ်ကျေးမှုသမိုင်း

သိပ္ပံစိုးရင်

ဒုတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရည်ညွှန်းချက်

ဤကျမ်းငယ်ကို ရေးသားနိုင်အောင် ဘ၀အားမာန် ဖြည့်တင်းပေး၍ ဘ၀၏ အနက်အဓိပ္ပာယ်ကို ဖွေရှာပေးပြီး ဘ၀၏ မွန်မြတ်သည့် ဦးတည်ချက်ကို ပြက်ပြက်ထင်ထင် မြင်နိုင်စွမ်းစေသည့် ကျွန်ုပ်၏ ချစ်သမီးငယ် စန္ဒာနှင့်ကလျာ တို့အား ရည်ညွှန်းပါသည်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | စကားလက်မွန် | က |
| ၁။ | ယဉ်ကျေးမှု၏ အဓိပ္ပာယ်နှင့် သဘောတရား | ၁ |
| ၂။ | အရှေ့တောင်အာရှ၏ ယဉ်ကျေးမှုရှုခင်း | ၉ |
| | မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသူများနှင့် ယဉ်ကျေးမှု အခြေအနေ | ၁၆ |
| ၃။ | ဧရာဝတီမြစ်ဝှမ်းမှ မြန်မာပြည်အသွင်သို့ | ၂၁ |
| ၄။ | မြန်မာအစ | ၃၁ |
| | မြန်မာဟူသော ဝေါဟာရ | ၃၂ |
| | မြန်မာဟူသော အဓိပ္ပာယ် | ၃၃ |
| | မြန်မာအစ | ၃၄ |
| | မြန်မာတို့ဆင်းသက်လာရာ လမ်းကြောင်းနှင့် ကာလ | ၃၇ |
| | မြန်မာတို့ ဆင်းသက်ဆိုက်ရောက်ချိန် | ၃၉ |
| ၅။ | မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်များ | ၄၂ |


mgyoe.com

mgyoe.com

ပျူတို့၏ ဗိသုကာပညာ ၅၀
ပျူ ပန်းပုလက်ရာ ၅၅
ပျူပန်းထိမ် အနုပညာ ၅၇
ပျူဒင်္ဂါး ၆၀
ပျူတို့၏ ယုံကြည်ကိုးကွယ်မှု ၆၁
ပျူစာပေယဉ်ကျေးမှု ၆၃
ပျူဂီတပညာ ၆၄
ပျူနှင့် မြန်မာ့ယဉ်ကျေးမှု အနေအထား ၆၅
မွန်နှင့်မြန်မာ ယဉ်ကျေးမှု အနေအထား ၆၉
၆။ မြန်မာ့ယဉ်ကျေးမှု၏ မဏ္ဍိုင်ကြီးများ ၇၂
နိုင်ငံခြားတို့နှင့် ကူးလူးဆက်ဆံမှု ၈၁
တရုတ်ပြည်နှင့် ဆက်ဆံရေးအသွင် ၈၂
တရုတ် – မြန်မာ လမ်းမကြီး ၈၄
နန်းချောင် ရှမ်းတို့နှင့် ဆက်ဆံရေး ၉၀
အိန္ဒိယပြည်နှင့် ဆက်ဆံခြင်းများ ၉၃
ဗုဒ္ဓဘာသာ မြန်မာ့ယဉ်ကျေးမှု၏ အခြေခံရာ ၁၀၃
မြန်မာစာတီထွင်ခြင်း ၁၁၄
၇။ မြန်မာ့လူမှုရေးစနစ် ၁၂၅
၈။ ယဉ်ကျေးမှု၏ သွင်ပြင်လက္ခဏာများ ၁၆၀

❐

mgyoe.com

mgyoe.com

# စကားလက်မွန်

လက်မွန်မဆွ ဤမြန်မာ့ယဉ်ကျေးမှုသမိုင်းကို ရေးသားရခြင်း အကြောင်းကို ရှင်းလင်းဖော်ပြရန် လိုပေလိမ့်မည်ဟု ယူဆမိပါသည်။ ကနဦးကပင် ကျွန်တော်သည် သမိုင်းရေးရာ ပညာရှင်တစ်ဦးမဟုတ်ကြောင်း ဝန်ခံလိုပါသည်။ မြန်မာ့ရေးရာနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိခဲ့သည့်အလျောက် မိမိ၏ အားလပ်ချိန်တွင် မြန်မာ့သမိုင်းရေးရာ အရပ်ရပ်များကို စူးစမ်းလေ့လာ ဖတ်ရှုခဲ့ပါသည်။ သို့ရာတွင် ဖတ်ရှုလေ့လာရုံမျှနှင့်သာ မနေမူ၍ ဝါသနာအလျောက် ကျိုးကြောင်းဆင်ခြင် တွေးတောကြံဆ စူးစမ်းမိပါသည်။ ထို့ပြင် အခြားတိုင်းတစ်ပါးလူမျိုးများ၏ သမိုင်းဖြစ်စဉ်နှင့်လည်း နှိုင်းယှဉ်ကြည့်မိပါသည်။ ထို့နောက် လူသားတို့၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ ကျဆုံးမှုအပြင် လူသမိုင်းခေါ် မနုဿဗေဒကျမ်းများကို မှီငြမ်းပြု၍ (Theory) ခေါ် သဘောတရားစုများကို

mgyoe.com

mgyoe.com



ပုံစံချကြည့်တတ်ပါသည်။ ကျွန်တော်သည် ထိုအခါသမယ ကျမှ မိမိ၏ လူမျိုးအကြောင်း၊ ၎င်းတို့၏ ဇာတိဇာစ်မြစ် ဖြစ်စဉ်နှင့် ယဉ်ကျေးမှုအကြောင်းတရားကို မည်မည်ရရ မသိ သေးကြောင်း ထင်မြင်လာခဲ့ပါ၏။

ယဉ်ကျေးမှုဆိုသည်မှာ မည်သည်ကို ဆိုလိုပါသနည်း။ မြန်မာ့ယဉ်ကျေးမှုဆိုသည်မှာ မည်သည့်ခြင်းရာများ ဖြစ်ပါ သနည်း။ မည်သည့် အခြေခံ အကြောင်းချင်းရာများပေါ်တွင် မှီ၍ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကို ပြုစုပျိုးထောင် ခဲ့သနည်း။ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာဓလေ့များ ဆိုသည်မှာ မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့သနည်း။ ထိုယဉ် ကျေးမှု၏ အဓိက ပင်မသည် မည်သည်တို့ ဖြစ်ကြသနည်း။ မြန်မာ့ယဉ်ကျေးမှု၏ အနာဂတ်သည် မည်သည့်ပုံစံသွင်ပြင် သို့ ဦးတည်နေသနည်း။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်း ကြရန် နှိုးဆော်နေသည်မှာ မည်သည်တို့ကို မည်သို့မည်ပုံ ထိန်းသိမ်းရမည်နည်း အစရှိသည်ဖြင့် ယဉ်ကျေးမှုပြဿနာ များကို စူးစမ်းသည့်အခါတွင် ကျွန်တော်သည် ရေရေရာရာ ဘာမျှမသိသေးသည်ကို တွေ့ရှိလာပါ၏။

အချို့ကလည်း ဝတ်စားဆင်ယင်မှု၊ အနုပညာ၊ စာပေ စသည်တို့ကိုပင် မြန်မာ့ယဉ်ကျေးမှုဖြစ်၍ ၎င်းတို့ကို အမြတ် တနိုးထားရှိလျက် အစဉ်အမြဲ မပြောင်းလဲအောင် ထိန်းသိမ်း ရမည်ဟု ဆိုလိုကြသည်။ အချို့ကလည်း ရိုးရာဓလေ့၊ ထုံး တမ်းစဉ်လာ၊ အယူအဆများသည် မြန်မာ့ယဉ်ကျေးမှုဖြစ်၍ ၎င်းတို့ကို ထာဝစဉ် တည်မြဲနေရန် ကြိုးစားရမည်ဟု ဆို သည်။ ခေတ်လူငယ်များကမူ ကောင်းသည့် ထုံးတမ်းဓလေ့

mgyoe.com

mgyoe.com



ကိုယူ၊ ဆွေးမြည့်နေသော ထုံးတမ်းအစဉ်အလာ မှန်သမျှ ပယ်ရမည်ဟု ညွှန်းကုန်သည်။

ကောင်းပါပြီ။ ဟောင်းသော၊ ကောင်းသောဆိုသည်မှာ မည်သူက မည်သို့ ဆုံးဖြတ်ပေးမည်နည်း။ မည်သည့်မှတ်ကျောက်တင်၍ အကဲဖြတ်မည်နည်း။ မည်သို့သော အယူအဆ၊ ဓလေ့ထုံးစံတို့သည် ဟောင်းနေပြီဟု စာရင်းပြုလုပ်ကြမည်နည်း။

ဤကဲ့သို့ မဆုံးနိုင်သော ပုစ္ဆာများသည် ကျွန်တော်၏ စိတ်အစဉ်၌ အသီးသီး ပေါ်ပေါက်လာခဲ့သည်မှာ ကြာခဲ့ပေပြီ။ ထိုပုစ္ဆာများကိုလည်း ကျွန်တော်ကဲ့သို့ မြန်မာ့ရေးရာကိစ္စများ၌ စိတ်ဝင်စားသူ၊ မြန်မာ့အနာဂတ်ကို မျှော်မှန်းလေ့လာတတ်သူတို့စိတ်၌ ပေါ်ပေါက်နေမည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ အထူးသဖြင့် လူငယ်များအတွက် ပိုမို၍ ရှုပ်ထွေးသော ပုစ္ဆာများပေါ်ပေါက်လျှင် အဖြေရှာရန် ခက်ခဲရှုပ်ထွေးနေမည်ဟု ကျွန်တော် ယူဆမိပါသည်။

သို့အတွက်ကြောင့် ကျွန်တော်၏ စိတ်ထဲ၌ မရှင်းလင်းသေးသော၊ ဘဝင်မကျသေးသော၊ အဖြေရှာမရသေးသော ပုစ္ဆာများကို ပြေလည်စေရန် ကျွန်တော် လေ့လာ၊ ဆည်းပူး၊ ဖတ်မှတ်၊ စူးစမ်း၊ စဉ်းစား၊ တွေးတော၊ ကြံစည်လာခဲ့သည်မှာ အချိန်အတန်ကြာမြင့်ခဲ့ပါသည်။

ပထမဦးစွာ ကျွန်တော်ဆင်ခြင်မိသည်မှာ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုရေးရာများသည် သမိုင်းကြောင်းပေါ်တင်၍ ကြည့်ရှုလေ့လာမှ ရှုထောင့်မှန်မှန် ယထာဘူတကျစွာ တွေ့မြင်နိုင်မည်ဟူသော အချက်ပင်ဖြစ်၏။ မှန်ကန်သော သမိုင်း

mgyoe.com

mgyoe.com



လမ်းကြောင်းပေါ်၌ တင်၍ ရှုကြည့်သည့်အခါ၌ လူတို့၏ ယဉ်ကျေးမှုသည် သွင်ပြင်ပုံပန်း ပေါ်ပေါက်လာလျက် ပျိုးထောင်မှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ အသွင်ပြောင်းလဲမှု စသည်တို့ကို ကျိုးကြောင်းဆင်ခြင်နိုင်လျက် အဓိပ္ပာယ်သဘောကိုလည်း ဖမ်းမိလာနိုင်မည်၊ အနာဂတ်ကိုလည်း ခန့်မှန်းနိုင်ပေသည်။

ထိုဆင်ခြင်ချက်အရ ကျွန်တော်သည် လက်လှမ်းမိသမျှ မြန်မာ့ရေးရာနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုခဲ့၏။ အချို့ ကိုယ်တိုင်ကိုယ်ကျ သုတေသနပြုလုပ်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုထွန်းကားရာ အရပ်ဒေသများသို့ သွားရောက်စူးစမ်းလေ့လာ ဆွေးနွေးခဲ့၏။ တာဝန်ဝတ္တရားအရ သွားရောက်ခဲ့သော ကျေးရွာများ၌ ကျေးလက်တောရွာသူရွာသားတို့နှင့် ရင်းနှီးစွာ ဆွေးနွေး၍ ၎င်းတို့၏ ဘဝ၊ အတွေးအခေါ်၊ မျှော်မှန်းချက်၊ အစဉ်အလာများကို တစေ့တစောင်း လေ့လာမှတ်သားခဲ့၏။ ဤကဲ့သို့ ဖတ်ရှုလေ့လာ သုတေသနပြုချက်များကို ကျွန်တော့်အတွက်နှင့် ကျွန်တော့်သားသမီးများအတွက်သာ ရည်စူးပြီး မှတ်စုများ၊ ရှင်းလင်းချက်များကို ရေးသားလာခဲ့၏။ အတော်အတန် စုံလင်လာသည့်အခါ၌ ရင်းနှီးသော မိတ်ဆွေများအား ပြသ၍ ဆွေးနွေးကြည့်မိသည်။

တဖြည်းဖြည်းနှင့် ထိုမှတ်စုများသည် ကျယ်ဝန်းလာ၏။ မြန်မာ့ယဉ်ကျေးမှုများ၏ သွင်ပြင်လက္ခဏာသည် ပီသစွာ ပေါ်ပေါက်လာသည်ကို မြင်တွေ့မိသည်။ မြန်မာ့ယဉ်ကျေးမှု၏ ဇာစ်မြစ်ကို ရှာဖွေ၍ တွေ့ခဲ့သည်။ မြန်မာတို့၏

mgyoe.com

mgyoe.com



ယဉ်ကျေးမှုအခြေခံသဘောတရားကြီးများ အသွင်ပြောင်းလဲခဲ့ပုံနှင့် ထိုကဲ့သို့ သွင်ပြင်များ ပြောင်းလဲလာရသည့် အကြောင်းချင်းရာများကို တွေးထင်လာမိသည်။ တစ်နည်းဆိုသော် မြန်မာ့ယဉ်ကျေးမှုနှင့် စပ်လျဉ်းသော ယခင်ကပုစ္ဆာအချို့ကို မှားသည် မှန်သည် အပထား၍ မိမိ၏ ယူဆချက်၊ တွေ့ရှိချက်များအပေါ် မှီငြမ်းပြု၍ အဖြေများကို ပေးနိုင်စွမ်းလာသည်။ ထိုအဖြေများကိုလည်း ယုတ္တိယုတ္တာရှိသော အကြောင်းပြချက်များဖြင့် ထောက်ကန်ပေးနိုင်ခဲ့သည်။

ဤကဲ့သို့သော အခြေအနေတွင် ကျွန်တော်၏ စူးစမ်းချက်များ၊ တွေ့ရှိချက်များကို တာရှည်သိုသိပ်ထားရန် မသင့်လျော်တော့ဟု ကျွန်တော်ထင်လာမိသည်။ ကျွန်တော်စူးစမ်းတွေ့ရှိချက်များအပေါ် အခြေပြု၍ ယူဆချက်၊ တွေးခေါ်ချက်များကို ပြည်သူအများထံ တင်ပြ၍ အဆုံးအဖြတ်ခံယူသင့်သည်ဟု သဘောပေါက်လာပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်တိုင် မြန်မာ့ယဉ်ကျေးမှု သမိုင်းတစ်စောင်ကို နိုင်ငံခြားပညာရှင်နှင့် တိုင်းရင်းသားပညာရှင်တို့ထဲမှ တစ်ဦးတစ်ယောက်မျှ စနစ်တကျ ထုတ်ဖော်တင်ပြခဲ့ခြင်း မရှိသေးသောကြောင့် ဖြစ်၏။

မြန်မာ့ယဉ်ကျေးမှု သမိုင်းတစ်စောင်သည် များစွာလိုအပ်နေသော ကျမ်းတစ်စောင်ဖြစ်ပါသည်။ ပညာရှင်အချို့က အနည်းငယ်၊ အချို့က တစ်စိတ်တစ်ဒေသသာ ရေးသားကြပြီး ယဉ်ကျေးမှုသမိုင်းအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်ခြုံ၍ လေ့လာစဉ်းစားကြည့်ရှုနိုင်ရန် စနစ်တကျ မရေးသားခဲ့သေးပါ။ ထိုဟာကွက်ကြောင့် မြန်မာတို့၏ အတွေးအခေါ်ရေးရာ

mgyoe.com

mgyoe.com



ပိုင်း၌ ချို့ယွင်းမှု၊ ချွတ်ချော်မှုများ တွေ့နေရပါသည်။ ထို ဟာကွက်ကို ယခုကျမ်းငယ်ဖြင့် ဖြည့်စွမ်းရန် ကြိုးပမ်းခြင်း ဖြစ်ပါ၍ အစကနဦးကပင် ဖော်ပြဝန်ခံခဲ့သည့်အတိုင်း ပညာ ရှင်တစ်ဦးအနေဖြင့်မဟုတ်ဘဲ မိမိ မသိနားမလည်သေးသည့် ပညာတစ်ရပ်ကို မိမိစွမ်းဆောင်နိုင်သမျှ လေ့လာ၊ ဆည်းပူး၊ စူးစမ်း သုတေသနပြုချက်များကို မှီ၍ မိမိအမြင်ကို ဖော်ပြ ချက်သာ ဖြစ်ပါသည်။ ပညာရှင်တို့အတွက် ကျွန်တော်က ပထမဦးဆုံးသော ပေါက်ပြားတစ်ချက်ကို တူးနှက်ပေးလိုက် ခြင်းသာ ဖြစ်ပါ၏။

ဤကျမ်းငယ်ကို ရေးသားရာ၌ သမိုင်းပညာရှင်ကြီး တို့၏ သုတေသနပြုထားချက် အများအပြားကို ကျွန်တော်က ယူ၍ သုံးစွဲထားသည်ကို တွေ့ရပေလိမ့်မည်။ သို့ရာတွင် ထိုသမိုင်းအချက်အလက်များကို အဓိပ္ပာယ်ဖော်ယူချက် ပုံပန်း ဖော်မှုများမှာ ကျွန်တော်၏ ပင်ကိုတွေးခေါ်ကြံစည်ချက်အရ သာဖြစ်၍ ၎င်းတို့အတွက် ကျွန်တော်သာ လုံးဝ တာဝန်ရှိ ပါသည်။

ဤကျမ်းပါ အဓိပ္ပာယ်ဖော်ထုတ်ချက် ပုံစံဖော်မှုများကို ပညာရှင်အချို့တို့က လက်မခံနိုင်ဘဲ ငြင်းချက်ထုတ်လိုသည် များရှိမည်ကို ကြိုတင်နားလည်ထားပါသည်။ ကျွန်တော်၏ ယူဆချက်များ၊ သမိုင်းဆိုင်ရာ ဖြစ်စဉ်တို့၏ ပုံစံဖော်မှုများကို လက်ခံရမည်ဟု ကျွန်တော်မတောင်းဆိုလိုပါ။ ကျွန်တော်၏ ယူဆချက်များကို ငြင်းချက်ထုတ်လိုခြင်းကပင် ကျွန်တော်၏ တင်ပြချက်များကို စိတ်ဝင်စားလာပြီဟု ယူဆရမည်ဖြစ် သဖြင့် ကျွန်တော်သည် ဤကျမ်းငယ်ကို ရေးသားရကျိုး

mgyoe.com

mgyoe.com



နပ်လေပြီဟု နှလုံးသွင်းပါသည်။ ပညာရှင်တို့ ဤပညာရပ်တွင် စိတ်ဝင်စားလာကာ ယူဆချက် ပြည့်စုံနိုင်လုံသော ယဉ်ကျေးမှုကျမ်းတစ်စောင် ပြုစုနိုင်ကြပါစေဟု ဆုတောင်းမိပါသည်။

သိပ္ပံစိုးရင်

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)
# ယဉ်ကျေးမှု၏ အဓိပ္ပာယ်နှင့် သဘောတရား

## (၁)

မြန်မာ့ယဉ်ကျေးမှုသမိုင်းကို စူးစမ်းလေ့လာ သုံးသပ်နိုင်ရန်အတွက် ဦးစွာပထမ ယဉ်ကျေးမှု၏ အနက်အဓိပ္ပာယ်နှင့် သဘောတရားများကို တိကျစွာ သိရှိနားလည်ထားရန် လိုအပ်ပေသည်။

ယဉ်ကျေးမှုဟူသော ဝေါဟာရကိုပင် ကျွန်ုပ်တို့သည် အနက် အဓိပ္ပာယ် အမျိုးမျိုးဖြင့် သုံးစွဲဖော်ပြနေသည်ကို တွေ့ရသည်မှာ မြန်မာ ဘာသာ၌သာ မဟုတ်၊ အနောက်နိုင်ငံများ၌ပင် "Culture" ဟူသော ဝေါဟာရကို အယူအဆအမျိုးမျိုးနှင့် သုံးစွဲနားလည်နေကြသေးသည်ကို တွေ့ရပေသည်။

သို့ရာတွင် အနောက်နိုင်ငံ၌ ယဉ်ကျေးမှုအကြောင်းကို စနစ်တကျ သိပ္ပံနည်းကျကျ လေ့လာစူးစမ်းနေကြသူ သုတေသီများအတွက်မူ ယဉ် ကျေးမှုဝေါဟာရ၏ အဓိပ္ပာယ်သည် အနည်းနှင့်အများ တိကျလာခဲ့ပြီး ကွဲပြားခြားနားမှု ပြောပလောက်အောင် မရှိတော့ပေ။

မြန်မာနိုင်ငံ၌ Culture ဟူသော ဝေါဟာရကို မြန်မာဘာသာ

mgyoe.com

mgyoe.com


ဖြင့် ယဉ်ကျေးမှုဟု ပြန်ဆိုသုံးနှုန်းကြ၏။ သို့ရာတွင် ဤယဉ်ကျေးမှု ဟူသော ဝေါဟာရအဓိပ္ပာယ်ကို တိကျစွာ နားလည်ထားမှု မရှိသဖြင့် တစ်ဦးလျှင်တစ်မျိုး အဓိပ္ပာယ်ဖော်ထုတ်၍ မိမိတို့သန်ရာဘက်သို့ ဆွဲကာ ရေးသားနေကြပါသည်။ စင်စစ်အားဖြင့် ယဉ်ကျေးမှုဟူသော ဝေါဟာရ အနက်သည် ဝိုးတိုးဝါးတား ဖြစ်နေသေးသည်။ ယဉ်ကျေးမှု၏အနက် နှင့် သဘောတရားကို ရှင်းလင်းပြတ်သားစွာ မဖော်ထုတ်ဘဲ ယဉ်ကျေးမှု အကြောင်း၊ ယဉ်ကျေးမှုသဘော၊ ယဉ်ကျေးမှုပုံစံ၊ ယဉ်ကျေးမှု၏အနာဂတ် ကို တွေးတောမြော်ခေါ်နေကြသည်မှာ မှောင်ထဲ၌ စမ်း၍ လမ်းလျှောက် နေသည်နှင့်သာ တူပေလိမ့်မည်။ ထို့ပြင် အနက်အဓိပ္ပာယ် မရှင်းသေး သော ကိစ္စတစ်ခုအကြောင်းကို ပြောဆိုရေးသား အငြင်းပွားနေကြလျှင် ခရီးမရောက်၊ တိုးတက်မှုမရဘဲ အချိန်ကုန်ရုံမျှသာ ရှိပေလိမ့်မည်။

မြန်မာ့ယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ အခြေခံအားဖြင့် မှန်ကန်သော ယူဆချက် အနက်အဓိပ္ပာယ်အပေါ်၌ မှီငြမ်းပြု၍ ဆွေးနွေးတွေးခေါ်ကြမှ သာလျှင် နောင် အနာဂတ်အတွက် သင့်မြတ်လျော်ကန်သော တိုးတက်မှု များကို ကြံစည်ဖန်တီးနိုင်မည် ဖြစ်ပေသည်။

အထူးသဖြင့် အနာဂတ်ကို ကြီးစိုးမည့် လူငယ်များအတွက် ယထာ ဘူတကျစွာ မိမိတို့ခေတ်တွင် ပြုစုပျိုးထောင်ရမည့် ယဉ်ကျေးမှုအဆောက် အဦကို တွေးတော၊ ကြံဆ၊ တီထွင်၊ ဖန်တီးနိုင်ရန် မြန်မာ့ယဉ်ကျေးမှုကို သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာတင်ပြချက်များ အလွန်လိုအပ်နေသော အချိန်ဖြစ်ပေ၏။

(၂)

ယဉ်ကျေးမှု၏ အနက်အဓိပ္ပာယ်ကို ဖော်ပြရာ၌ ပထမဦးစွာ ယဉ် ကျေးမှုဟူသော ဝေါဟာရသည် အင်္ဂလိပ်ဘာသာ Culture ဟူသော

mgyoe.com

mgyoe.com


ဝေါဟာရကို ဘာသာပြန်ထားခြင်းဖြစ်သည်ကို သတိပြုရန် လိုပါသည်။

အင်္ဂလိပ်ဘာသာ၌ (Culture) နှင့် (Civilisation) ဟူ၍ အဓိပ္ပာယ်ဆင်တူ ဝေါဟာရများ ရှိကြရာတွင် မြန်မာတို့က Culture နှင့် Civilisation ဟူသော ဝေါဟာရများကိုပါ ယဉ်ကျေးမှုဟူ၍ သိမ်းကျုံးပြီး အနက်ပြန်ဆိုထားကြပါသည်။ သို့အတွက်ကြောင့် Culture ၏ အဓိပ္ပာယ်ပြန်ဆိုချက်ဖြစ်သည့် ယဉ်ကျေးမှုဟူသော ဝေါဟာရကို သုံးစွဲရာတွင် Civilisation နှင့် ရောထွေးလျက် အနက်အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူကြပြီး Culture ၏ အဓိပ္ပာယ်အနက်သည် မထင်မရှား ဝိုးတိုးဝါးတား ဖြစ်နေတတ်ပေသည်။

စင်စစ်အားဖြင့် အင်္ဂလိပ်ဘာသာ၌ပင် သာမန်အားဖြင့် Culture နှင့် Civilisation တို့ကို အဓိပ္ပာယ်တူ လဲလှယ်သုံးစွဲနေခဲ့ကြပါသည်။ သို့ရာတွင် လူ့သမိုင်းကို လေ့လာရာတွင်ပင် ထိုဝေါဟာရနှစ်ခုကို တိကျစွာ ပြန်လည်ကွဲပြားခြားနားရန် အဓိပ္ပာယ်ပြန်ထားကြပေသည်။ တိုတိုပြောရပါမူ Civilisation သည် Culture ၏ နောက်တစ်ဆင့် ပိုမိုအထက်တန်းကျသော အခြေအနေကို ဆိုလိုပေသည်။ တစ်နည်းအားဖြင့် Civilisation ဆိုသည်မှာ Culture ယဉ်ကျေးမှု၏ နောက်တစ်ဆင့်တက်၍ တိုးတက်နေသော အထူးကဏ္ဍ ဖြစ်လေသည်။

ယဉ်ကျေးမှုဆိုသည်မှာ သဘာဝပတ်ဝန်းကျင်မှ လူတို့ကိုယ်တိုင်ဖန်တီးယူသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ယဉ်ကျေးမှုဆိုသည်မှာ လူတစ်မျိုး၏ ဘဝတည်ဆောက်ပျိုးထောင်ပုံ နည်းနာများသာ ဖြစ်၏။ လူ့ဘောင်အဖွဲ့အစည်းတွင်း၌ လူတို့ ဆက်ဆံနေထိုင် စားသောက် လှုပ်ရှားသည့် ပုံစံသည် လူတို့၏ ယဉ်ကျေးမှုစနစ်ဖြစ်သည်။

လူသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ပတ်ဝန်းကျင်အတွင်း၌ နေထိုင်အသက်ရှင်နေကြသူတွေ ဖြစ်၏။ တစ်နည်းအားဖြင့်

mgyoe.com

mgyoe.com


ဆိုရသော် လူသည် အသင်းအဖွဲ့အတွင်း၌ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်း ဆက်ဆံ၍ နေတတ်သူဖြစ်သည်။ ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်း အတွင်း၌ ကူးလူးဆက်ဆံမှုပြုလုပ်၍ အသက်မွေးနေကြရာတွင် မိမိတို့ အချင်းချင်း ဆက်ဆံရေးကိစ္စများအတွက် လူ့စည်းလူ့ကမ်း သတ်မှတ် ချက်များ လိုအပ်လာပေသည်။ ထိုစည်းမျဉ်းဥပဒေထုံးတမ်းများကို အများသဘောတူ သတ်မှတ်ထားကြပြီး ထိုစည်းမျဉ်းဥပဒေထုံးတမ်းတို့ ကို လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ ရောက်လာသည့်သူတိုင်း သင်ကြား လိုက်နာကျင့်သုံးရလေသည်။ ဤကဲ့သို့ စည်းကမ်းထုံးတမ်း ဥပဒေများ ဖွဲ့၍ တည်ထောင်ထားရသည့်အတွက်ကြောင့် လူတို့ကိုယ်တိုင် ဖန်တီး ထားသည့် လူမှုရေးပတ်ဝန်းကျင်သည် ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။

ဤသို့ လူတို့ဖန်တီးထားသည့် လူမှုရေး ပတ်ဝန်းကျင်နှင့် ထို ပတ်ဝန်းကျင်အတွင်း၌ နေထိုင်လှုပ်ရှားခဲ့ကြသူတွေက စုဆောင်းထားရစ် ခဲ့သည့် အသိဉာဏ်၊ ဗဟုသုတ၊ လုပ်ကိုင်ဆောင်ရွက်နည်းများအပြင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ တွေးခေါ်၊ ကြံဆ၊ ဖန်တီးချက်များကို လူ့ဘောင် အဖွဲ့အစည်းကြီးက အဆင့်ဆင့် သိုမှီးစုဆောင်းထားခဲ့သည့် အချက်အဝဝ အားလုံး ယဉ်ကျေးမှုဟု ခေါ်ရပေသည်။

ထိုယဉ်ကျေးမှုတွင် နှစ်ကဏ္ဍ ရှိလေသည်။ တစ်ကဏ္ဍသည် ရုပ် ပိုင်းနှင့် သက်ဆိုင်၍ အခြားကဏ္ဍသည် စိတ်ပိုင်းနှင့် သက်ဆိုင်သည်။

ရုပ်ပိုင်းယဉ်ကျေးမှုကဏ္ဍတွင် ရုပ်ဝတ္ထုများဖြစ်သည့် အဆောက် အဦ၊ ဝတ်စားမှု ပစ္စည်းများ၊ အသုံးအဆောင်၊ ကိရိယာ တန်ဆာပလာ များ (ဥပမာအားဖြင့် ပုဆိန်၊ မြား၊ လေး) စသည်တို့ပါဝင်ပြီး စိတ်ပိုင်း ဆိုင်ရာ ယဉ်ကျေးမှုကဏ္ဍတွင်မူ စိတ်ကူးစိတ်သန်း၊ အတွေးအခေါ်၊ တွေး တောကြံဆပုံ နည်းလမ်းများ၊ အမူအကျင့်များ၊ တန်ဖိုးထားမှုများနှင့် စိတ်ပိုင်းဆိုင်ရာတို့၏ ဖန်တီးမှုများဖြစ်သည့် အက္ခရာနှင့် စာပေအရေး

mgyoe.com

mgyoe.com


အသား၊ သိပ္ပံပညာ၊ လူမှုရေးစနစ်၊ ဥပဒေစည်းမျဉ်းနှင့် ယုံကြည်ကိုးကွယ်မှုဘာသာ စသည်တို့ ပါဝင်ကြလေသည်။

သို့ဖြစ်သောကြောင့် ယဉ်ကျေးမှုဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်လျက် ထိုသဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ မိမိတို့ဘဝကို တည်ဆောက်ဖန်တီးလျက် အသင်းအပင်း ဖွဲ့စည်း၍ နေထိုင်ဆက်ဆံကြရာတွင် လူအချင်းချင်း သင့်တင့်လျောက်ပတ်စွာ နေထိုင်ကြရေးအတွက် မိမိတို့သဘောအလျောက် ပြုစုပျိုးထောင်ထားသော စည်းကမ်း၊ ဥပဒေ၊ ထုံးတမ်းစဉ်လာ၊ အမူအကျင့်များနှင့်တကွ ထိုလူ့ဘောင်အဖွဲ့အစည်းအတွင်း၌ အဆင့်ဆင့် ထိန်းသိမ်းလက်ခံ စုဆောင်းသိမ်းခဲ့သော အသိဉာဏ်၊ ဗဟုသုတ၊ လုပ်နည်း၊ ကိုင်နည်း နိဿယ၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ အယူအဆ၊ ကြံစည်ဖန်တီးချက်များသာ ဖြစ်ပေသည်။ အတိုချုပ်အားဖြင့် ယဉ်ကျေးမှုသည် လူတစ်မျိုး၏ ဘဝပုံစံဟုပင်ခေါ်ဆိုရပေမည်။

(၃)

ဤကျမ်းငယ်မှာ မြန်မာ့ယဉ်ကျေးမှုသမိုင်းသာဖြစ်၍ ယဉ်ကျေးမှုသဘောတရားများကို အကျယ်ဝိတ္ထာရချဲ့၍ ရှင်းလင်းပြရမည့် နေရာမဟုတ်ပေ။ မြန်မာ့ယဉ်ကျေးမှုကို သမိုင်းအမြင်ဖြင့် ကြည့်ရှုလေ့လာရာတွင် နားလည်သဘောပေါက်စေရုံမျှသာ ရှင်းလင်းတင်ပြရန် ဖြစ်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် ထိုလူမျိုး၏ ရှေးအတိတ်နှင့်ပစ္စုပ္ပန်ကာလများ၌ ပြုစုပျိုးထောင်လာခဲ့သည့် အတွေ့အကြုံများသာဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ရှေးထုံးစဉ်လာ ယဉ်ကျေးမှုမှန်သမျှသည် ၎င်းတို့ အတိတ်ကာလ၌ လက်ခံကျင့်သုံးနေသော အမူအကျင့်များ၏ အပေါင်းအစည်းများ ဖြစ်လေသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုတစ်ရပ်

mgyoe.com

mgyoe.com


ကို မှန်ကန်စွာ နားလည်သဘောပေါက်နိုင်ရန်မှာ ထိုလူမျိုး၏ အတိတ်ကာလမှ အဖြစ်အပျက်မှန်သမျှကို တတ်စွမ်းသမျှ ပြည့်စုံလုံလောက်အောင် ပြန်လည် လေ့လာကြည့်ရှု စစ်ဆေးမှုသာ ဖြစ်နိုင်သည်။ အတိတ်ကို ချန်လှပ်၍ ယဉ်ကျေးမှုတစ်ရပ်ကို ပီပြင်စွာ မည်သို့မျှ မမြင်နိုင်။ တစ်နည်းဆိုရသော် ယဉ်ကျေးမှု၏ ရုပ်သွင်လက္ခဏာ အတိုးအဆုတ်၊ ရှင်သန်မှု၊ နုန့်နဲ့မှု စသည်တို့သည် သမိုင်းကြောင်းပေါ်တွင် တင်၍ ကြည့်ရှုမှသာ နည်းမှန်လမ်းမှန် ရောက်ပေသည်။

ယဉ်ကျေးမှုကို အများက ရိုးရာဓလေ့ထုံးစံမျှအဖြစ်သာ ရှုမြင်၍ ထိုရိုးရာယဉ်ကျေးမှုကို အမြတ်တနိုး ရင်ဝယ်ပိုက်၍ အမြဲ မူမပျက် ထိန်းသိမ်းထားလိုကြသည်။ ယဉ်ကျေးမှုသည် အတိတ်မှ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်မှ အနာဂတ်သို့ ရွေ့လျားရင်းက အသွင်လက္ခဏာတို့ အမြဲတစေ ရုပ်ပိုင်းဆန်သည့် အနေခံပြောင်းလဲမှုအရ ပြောင်းလဲနေသည်ကို သတိမမူကြပေ။ ထိုကဲ့သို့ မမြင်နိုင်ခြင်းသည် ယဉ်ကျေးမှုကို သမိုင်းအမြင်ဖြင့် မမြင်စွမ်းသောကြောင့်သာ ဖြစ်ရပေသည်။

ယဉ်ကျေးမှုသည် ရေစီးကြောင်းပမာ အမြဲ ရွေ့လျားပြောင်းလဲနေသည်။ အသစ်အသစ်တို့သည် ဖြစ်ပေါ်လျက် အဟောင်းအဟောင်းတို့သည် ချုပ်ငြိမ်းပျောက်ကွယ်နေတတ်သည်။ ရေစီးကြောင်းသည် ပုံစံအားဖြင့် များစွာ မပြောင်းလဲသော်လည်း ချောင်းအတွင်းရှိ ရေတို့သည်ကားပြောင်းလဲနေသကဲ့သို့တည်း။

ယဉ်ကျေးမှု၏ အခြေခံသည် ရုပ်ဝတ္ထုပိုင်းဖြစ်သော လူတို့၏ စားဝတ်နေရေးဖြစ်သည့် စီးပွားရေးပုံသဏ္ဌာန်ဖြစ်သည်။ ဆိုလိုသည်မှာ လူတို့သည် ဘဝရပ်တည်မှုအတွက် ကုန်ထုတ်လုပ်ပုံစနစ်သည် ယဉ်ကျေးမှု၏ ပုံပန်းသွင်ပြင် လက္ခဏာကို ပြုပြင်သတ်မှတ်ပေးမြဲသာ ဖြစ်လေသည်။

ဤယဉ်ကျေးမှု သဘောတရားသည် အလွန်အဓိကကျသော အချက်

mgyoe.com

mgyoe.com



ဖြစ်၍ ယဉ်ကျေးမှုကို လေ့လာစူးစမ်းရာ၌ ဤသဘောတရားကို စွဲမြဲစွာ ဆုပ်ကိုင်ထားရန် အထူး လိုအပ်လှပေသည်။ ယဉ်ကျေးမှုတစ်ရပ်ကို မှန်ကန်စွာ အကဲခတ်နိုင်ရန်မှာ ဤသဘောတရားကြီးကို ရှုမြင်ရန် အထူးပင် အရေးကြီးလှပေသည်။

ဥပမာအားဖြင့် စိုက်ပျိုးထွန်ယက်မှုဖြစ်သည့် ကုန်ထုတ်လုပ်မှုစနစ်အခြေခံသည် ယဉ်ကျေးမှုတွင် လူတို့သည် အမဲလိုက်ခြင်း၊ အစားအစာကို တစ်နေရာမှ တစ်နေရာသို့ သွားလာရှာဖွေ စားသောက်နေရသည့်အချိန်တွင် တွေ့ကြုံရသည့် အခက်အခဲဒုက္ခနှင့် မရေမရာသော နေထိုင်မှုဘဝမှ လွတ်မြောက်ခဲ့ပြီး လုံခြုံမှုရှိလာခဲ့သည်။ အားလပ်ချိန်ရလာသည့်ထိုလုံခြုံမှုနှင့် အနားရမှုအပေါ်တွင် အခြေခံသော ယဉ်ကျေးမှုများကိုပျိုးထောင်လာနိုင်ခဲ့သည်။ ထိုယဉ်ကျေးမှုတွင် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုစနစ်အပေါ်တွင် အခြေခံ မှီငြမ်းပြုသောကြောင့် ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုနှင့် ကျေးကျွန်စနစ် ထွန်းကားလာခဲ့ရသည်။ ကျေးကျွန်စနစ်ပေါ်တွင် အခြေပြုသဖြင့် လုပ်အားပိုလာသောကြောင့် ယဉ်ကျေးမှုလည်းတိုးတက်ဖွံ့ဖြိုးလာခဲ့၏။ သို့ရာတွင် အခြေခံအားဖြင့် ထိုယဉ်ကျေးမှုသည် အားလပ်ချိန်ရှိလျက် စိတ်ကူးတွေးတောကြံစည်နိုင်သူ လူတန်းစားများ၏ ယဉ်ကျေးမှု အသွင်လက္ခဏာကိုသာ ဆောင်နေသည်။ အများစုသည် အလုပ်ကြမ်းလုပ်၍ ပင်ပန်းကြီးစွာ ဘဝကို ရုန်းကန်နေရရင်းနှင့် အချိန်ကုန်နေကြရသည်။ ထိုယဉ်ကျေးမှုသည် အဆင့်အတန်းမြင့်မား၍ လူသားတို့၏ စွမ်းအားကို ထုတ်ဖော်ကျူးရင့်ခဲ့သည်ကို မငြင်းနိုင်သော်လည်း ထိုယဉ်ကျေးမှု၏ အခြေခံမှာ အများစု ပင်ပန်းဆင်းရဲမှုနှင့် ကျေးကျွန်စနစ်သာ ဖြစ်သည်ကိုကား ထင်ရှားစွာပင် မြင်နေရပေသည်။

ထိုနောက် ခေတ်သစ်တီထွင်မှုများကြောင့် စက်မှုတော်လှန်ရေးကြီးပေါ်ပေါက်ခဲ့ပြီး သိပ္ပံပညာရပ်များ ထွန်းကားလာခဲ့သည့်အခါတွင် စီးပွား

mgyoe.com

mgyoe.com


ရေးစနစ်ဖြစ်သည့် ကုန်ထုတ်လုပ်ရေးပုံစံသည် ပြောင်းလဲလာခဲ့သည်။ အထက်၌ ပြဆိုခဲ့သည့်အတိုင်း ယဉ်ကျေးမှုသည် စီးပွားရေးစနစ်အပေါ်၌ အခြေခံနေသဖြင့် ယဉ်ကျေးမှုသွင်ပြင်လက္ခဏာ ပုံစံတို့လည်း ပြောင်းလဲလာရပြန်သည်။ ပြောင်းလဲမှု၏ အကြီးမားဆုံး ထူးခြားချက်မှာ အမြဲတမ်းကျေးကျွန်များအစား အခစား ကျေးကျွန်များကို ဖန်တီးလိုက်ခြင်း ဖြစ်လေသည်။ ထိုအခစား ကျေးကျွန်များ ပေါ်ပေါက်လာခဲ့သဖြင့် ၎င်းတို့နှင့်အတူ လူဆင်းရဲရပ်ကွက်တို့ ပေါ်လာသည်။ အလုပ်လက်မဲ့ အခြေအနေဖြစ်လာသည်။ လူလူချင်း ခေါင်းပုံဖြတ်မှု ပေါ်လာ၍ လူတို့၏ ဆင်းရဲဒုက္ခတို့သည် ပိုမိုထွေပြားလာခဲ့၏။

ဤကဲ့သို့ စက်မှုတော်လှန်ရေးကြီးကြောင့် တိုးတက်သော စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု အတတ်ပညာများကို လူတို့သည် ကိုယ်ကျိုးအတွက် အသုံးပြုလာကြသဖြင့် ယဉ်ကျေးမှုပုံစံသည် ပြောင်းလဲလာခဲ့ခြင်း ဖြစ်၏။ ဤကဲ့သို့သော ယဉ်ကျေးမှုပုံစံသည် လူသားအများအတွက် ချမ်းသာသုခကို မပေးနိုင်၊ လိုအင်ဆန္ဒကို မဖြည့်စွမ်းနိုင်သောကြောင့် ယခုခေတ်အခါတွင် ကမ္ဘာလောကကြီး၌ လူတို့သည် လူသားအပေါင်းတို့အား ကောင်းကျိုးအပြည့်အဝ ပေးနိုင်မည့် ယဉ်ကျေးမှုပုံသွင်ကို ကြံစည်ဖန်တီးကြရန် လုံးပန်းကြိုးစားနေကြပြန်သည်။

ထိုယဉ်ကျေးမှုပုံစံသည် ပြည်သူပြည်သားတို့က ဖန်တီးရမည့် ပြည်သူ့ယဉ်ကျေးမှုသာ ဖြစ်သည်။ ထိုယဉ်ကျေးမှုသည် လူတိုင်း လွတ်လပ်မှု၊ ညီမျှသော အခွင့်အလမ်းရမှု၊ အသိဉာဏ် ဆည်းပူးပွားများနိုင်မှုနှင့် သိပ္ပံနည်းကျသော အမှန်တရားများအပေါ်တွင် အခြေခံတည်ဆောက်ထားသော ယဉ်ကျေးမှု ဖြစ်၏။ ထိုယဉ်ကျေးမှုသည် လွတ်လပ်မှုနှင့် ငြိမ်းချမ်းသာယာသော ဘဝကို ပေးစွမ်းနိုင်သော ယဉ်ကျေးမှု ဖြစ်လေသတည်း။ ❐

mgyoe.com

mgyoe.com

## အခန်း (၂)
## အရှေ့တောင်အာရှ၏ ယဉ်ကျေးမှုရှုခင်း

မြန်မာ့ယဉ်ကျေးမှုသမိုင်းကို လေ့လာရာ၌ မြန်မာနိုင်ငံကွက်ကွက်ကလေးကိုသာ ကြည့်ရှုလေ့လာပါက အမြင်ကျဉ်း၍ ရှုထောင့်မှန်နိုင်မည်မဟုတ်ပေ။ မြန်မာပြည်အပါအဝင် အရှေ့တောင်အာရှတစ်ခုလုံးကိုပါ ကျယ်ကျယ်ပြန့်ပြန့် နောက်ခံကားအနေဖြင့် ထားရှိ၍ ကြည့်ရှုရန် လိုအပ်ပေသည်။ သို့မှသာလျှင် မှန်ကန်တိကျ၊ အဝေးအနီး၊ အတိမ်အနက်မှန်မှန်နှင့် ယထာဘူတကျစွာ မြင်သာပေလိမ့်မည်။

စင်စစ်အားဖြင့် မြန်မာပြည်သည် အရှေ့တောင်အာရှ၏ အနောက်ဖျားတွင် တည်ရှိနေသော အစိတ်အပိုင်းငယ် တစ်ခုဖြစ်၏။ အရှေ့တောင်အာရှ၏ အရှေ့စွန်းမှာ အင်ဒိုချိုင်းနား (ဗီယက်နမ်) တည်ရှိလေသည်။

အရှေ့တောင်အာရှဒေသသည် ပထဝီသွင်ပြင်အရ သီးခြားတည်ရှိနေသော ဒေသဖြစ်၍ အခြားပြင်ပကမ္ဘာနှင့် ကူးလူးဆက်ဆံမှု မရှိခဲ့ပေ။ သို့ရာတွင် ပထဝီအနေအထားအရ အရှေ့တောင်အာရှအတွင်းရှိ ဒေသတို့မှာမူကား နိုင်ငံရေးအားဖြင့်လည်းကောင်း၊ လူမျိုးရေးအားဖြင့်လည်းကောင်း၊ စီးပွားရေးအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်း

mgyoe.com

mgyoe.com


ကောင်း ဆက်စပ်နွယ်ယှက်လျက် ရှိလေသည်။

အရှေ့တောင်အာရှဒေသသည် ပထဝီအနေအထား သွင်ပြင်များအရ သီးသန့်တည်ရှိလျက် ပြင်ပကမ္ဘာနှင့် ဆက်သွယ်မှုကင်းနေခဲ့ရသည်။ မြင့်မားသော တောင်တန်းကြီးများသည် အနောက်မြောက်ဘက်၌ လည်းကောင်း၊ မြောက်ဘက်တွင်လည်းကောင်း၊ အရှေ့မြောက်ဘက်တွင်လည်းကောင်း ပတ်ရံကာဆီး တည်ရှိသည်။ ထိုတောင်တန်းကြီးတို့သည် အလွန်မြင့်မားရုံမျှမက ထို တောင်တန်းကြီးများအပေါ်၌ ထူထပ်သော သစ်တောကြီးများ ရှိကြသေးသည်။ ထိုသဘာဝ အတားအဆီးများကို ဖောက်ထွင်း၍ အရှေ့တောင် အာရှဒေသတွင်းသို့ ဝင်ရောက်လာရန် မလွယ်ကူပေ။

ထိုပထဝီအနေအထားအရ သီးခြားတည်ရှိနေသည့် အရှေ့တောင်အာရှဒေသတွင် ဝင်ပေါက်များရှိသေး၏။ ထိုဝင်ပေါက်တို့မှာ ဗီယက်နမ်နိုင်ငံ၏ အရှေ့ဘက်ကမ်းခြေတစ်လျှောက်နှင့် ရခိုင်တိုင်း၏ မြောက်ဘက်တွင် ရှိကြ၏။

အရှေ့တောင်အာရှဒေသ ဇာတ်ခုံပေါ်၌ လူ့သမိုင်းဖြစ်စဉ်တို့သည် စတင်လှုပ်ရှားလာသည့်အခါ၌ ဖြစ်စဉ်တစ်ခုနှင့်တစ်ခုတို့သည် ဆက်စပ်ပေါင်းစည်း၍ အပြန်အလှန် အကျိုးပြုကာ ရေစီးကြောင်းကြီးသဖွယ် အလျဉ်မပြတ် ရွေ့လျား၊ လှုပ်ရှားနေသည်ကို ဦးစွာ သတိပြုထားရန် လိုအပ်ပေသည်။

အရှေ့တောင်အာရှဆိုရာတွင် အရှေ့အာရှတိုက်ရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်နှင့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင် ကျွန်းဆွယ်တို့ ပါဝင်သည်ဟု ခေတ်သမိုင်းဆရာတို့က သတ်မှတ်ထားရှိ၏။ ၎င်းတို့တွင် မြန်မာပြည်၊ ယိုးဒယားပြည်၊ အင်ဒိုချိုင်းနား၊ မာလာယုကျွန်းများ၊ ကပ္ပလီကျွန်း၊ နီကိုဘာကျွန်း၊ နယူးဂီနီတို့ ပါဝင်ကြ၏။ သို့ရာတွင် အရှေ့တောင်အာရှ

mgyoe.com

mgyoe.com



ယဉ်ကျေးမှု တိုးတက်ဖွံ့ဖြိုးရာ ပင်မလမ်းကြောင်းကြီးထဲ၌ အာသံနှင့် ဖိလစ်ပိုင်ကျွန်းတို့ မပါဝင်သည်ကိုမူ သတိချပ်ထားရန် လိုအပ်ပါသည်။

ထိုအရှေ့တောင်အာရှဒေသတွင် ကမ္ဘာဦးလူများ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် ကမ္ဘာ၏ အခြားဒေသများ၌နည်းတူ ထိုသူတို့သည် အဆင့်ဆင့် ပြောင်းလဲလာခဲ့သည်မှာ ခေတ်လူသားတို့ အဆင့်သို့ ရောက်လာခဲ့ကြ၏။ ထိုဒေသတွင် အခြားအရပ်ဒေသများ၌နည်းတူ မိမိတို့ဘဝ ရပ်တည်မှုအတွက်၊ ကုန်ပစ္စည်းထုတ်လုပ်ရေးအတွက် ကိရိယာလက်နက်များကို ကြံဆတီထွင်လာခဲ့ရာ ထိုလက်နက်များ၏ အမျိုးအစားအလိုက် ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်သစ် စသည့် ယဉ်ကျေးမှုခေတ်များ ပေါ်ထွန်းခဲ့ပေသည်။

ကျောက်ခေတ်ဟောင်း၊ ကျောက်ခေတ်သစ် ယဉ်ကျေးမှုများအဆင့်၌ ရှိနေချိန်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်း၌ ဝင်ရောက်နေထိုင်ကြသူတို့မှာ တောင်ပိုင်းအနွယ်ကြီးဟုခေါ်သည့် ဩစတြစ် အနွယ်ကြီးပင် (Austric Family)ဘာသာစကားကို ပြောဆိုကြသည့် ရှေးခေတ်လူများ ဖြစ်သည်။

မြောက်ဘက်ကုန်းပိုင်းတွင် မွန်ခမာအနွယ်ဝင် စကားများ ပြောဆိုကြသည့် ဩစတြိုအေရှားတစ် (Austro - asiatic) တို့ နေထိုင်ပြီး တောင်ပိုင်း၌မူ ဆလုံ၊ မလေး စသော အင်ဒိုနီးရှင်းအနွယ်ဝင် စကားပြောကြသည့် ဩစတြိုနီးရှင်း (Austronesian)တို့ နေထိုင်ခဲ့ကြပါသည်။

၎င်းတို့သည် ရုပ်ရည်ရူပကာအားဖြင့် များစွာ ခြားနားကြခြင်းမရှိ၊ ခပ်ဆင်ဆင်ပင် ဖြစ်၏။ ၎င်းတို့သည် လူမျိုးရင်းတစ်ခုတည်းမှ ဆင်းသက်ဟန်တူလေသည်။

ထိုသူတို့သည် အရှေ့တောင်အာရှဒေသအတွင်းသို့ လွန်ခဲ့သော အနှစ် ၃၀၀၀ ခန့်မှစ၍ တရွေ့ရွေ့နှင့် တစိမ့်စိမ့် ဝင်ရောက်လာခဲ့ကြခြင်း

mgyoe.com

mgyoe.com


ဖြစ်၏။ ထိုကဲ့သို့ အရှေ့တောင်အာရှဒေသအတွင်းသို့ ဝင်လာစအချိန်တွင် ၎င်းတို့သည် ယဉ်ကျေးမှုအဆင့်အတန်း၌ တစ်ဦးနှင့်တစ်ဦး မယုတ်မလွန်တွင် ရှိကြပေသည်။ ထိုကဲ့သို့ ဝင်လာကြသော လူများအထဲမှ အချို့လူမျိုးစုတို့၏ ယဉ်ကျေးမှုသည် ရှေးဟောင်းတရုတ်တို့၏ ယဉ်ကျေးမှုနှင့် တန်းတူပင် ရှိခဲ့ကြ၏။ သို့ရာတွင် တရုတ်တို့က ဩဇာလွှမ်းမိုးပြီး နှိပ်စက်ကလူပြုကာ ဝါးမျိုစပြုသည့်အခါတွင် တရုတ်တို့နှင့် ဝေးရာဒေသသို့ ရှောင်ခွာလာကြရင်းမှ တဖြည်းဖြည်း အရှေ့တောင်အာရှဒေသတွင်းသို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်လေသည်။

ဤကဲ့သို့ အရှေ့တောင်အာရှဒေသတွင်းသို့ ဝင်ရောက်မိကြသည့်အချိန်တွင် ၎င်းတို့သည် ကျောက်ခေတ်ယဉ်ကျေးမှုအဆင့်၌ ရှိသေး၏။ အရှေ့တောင်အာရှဒေသတွင်းသို့ ရောက်လာခဲ့ကြပြီးမှ ကုန်ပစ္စည်းထုတ်လုပ်ရေးအတွက် ကိရိယာတန်ဆာပလာတို့ကို တိုးတက်ကြံစည်ဖန်တီးရာတွင် ကြေးညိုစသည့်ပစ္စည်းတို့ဖြင့် ပြုလုပ်သော လက်နက်ကိရိယာတို့ကို အောင်မြင်စွာ ဖန်တီးလိုက်သည့်အခါတွင် ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့သည်။ နောက်တစ်ကြောင်းမှာ ကျောက်ခေတ်ယဉ်ကျေးမှုခေတ်၌ရှိနေကြသော ဩစတြစ်အနွယ်ဝင် လူမျိုးများနေထိုင်ရာ ဒေသတွင်းသို့ အခြားလူသစ်များ ထိုးဖောက်ဝင်ရောက်လာခဲ့ပြန်သဖြင့် လူနေမှုပုံစံသည် ပြောင်းလဲသွားခဲ့ရပြန်၏။

လက်ရှိ ဩစတြစ်အနွယ်ဝင် လူမျိုးများ၏ ယဉ်ကျေးမှုပြောင်းလဲရန် ဖောက်ထွင်းဝင်ရောက်လာကြသူတို့သည် တိဗက်–တရုတ်အနွယ်ဝင်စကားများပြောသူတို့ ဖြစ်ကြ၏။ သူတို့သည် ၎င်းတို့နှင့်အတူ ထုံးတမ်းဓလေ့၊ ယဉ်ကျေးမှု၊ လူနေမှုစနစ်များ ယူဆောင်လာခဲ့ကြပြီး ထိုထုံးတမ်းဓလေ့၊ ယဉ်ကျေးမှုနှင့် လူနေမှုစနစ်များက ဩစတြစ်နွယ်ဝင် လူတို့အားလွှမ်းမိုးလာခဲ့တော့၏။

mgyoe.com

mgyoe.com


ထိုတိဗက် တရုတ်အနွယ်ဝင် လူတို့သည် လူမျိုးအနွယ်အားဖြင့် မွန်ဂိုလွိုက်များ ဖြစ်၏။ ၎င်းတို့ စတင်ထိုးဖောက်ဝင်ရောက်လာသော အချိန်ကာလသည် ခရစ်နှစ် ပထမရာစုဟု သမိုင်းသုတေသီများက ခန့်မှန်းကြလေသည်။

ဤကဲ့သို့ လူမျိုးစုများ တစ်စတစ်စ၊ တစိမ့်စိမ့်၊ တစ်သုတ်ပြီးတစ်သုတ် ဝင်လာခဲ့ကြရာ ခရစ်သက္ကရာဇ် ၇၀၀ မှစ၍ လူမျိုးအများအပြားတို့သည် အရှေ့တောင်အာရှဒေသတွင်းသို့ ဝင်ရောက်မိကြလေပြီဟု မှတ်ယူရပေမည်။ ထိုကဲ့သို့ ဝင်ရောက်လာခဲ့ကြပြီး အသီးသီး နေရာယူကြကာ အခြေအနေ အတည်တကျဖြစ်ကြပြီးနောက် အုပ်စု၊ အဖွဲ့၊ အသင်း အသီးသီး စုစည်းမိကြပြီး ထိုအသီးသီးသော အုပ်စု၊ အဖွဲ့၊ အသင်းတို့ကို ကွပ်ကဲကြီးကြပ်သူတို့ ပေါ်ပေါက်လာကာ နယ်ပယ်များကို ခွဲခြမ်းခြားနားလျက် စီမံခန့်ခွဲလာခြင်းကြောင့် နိုင်ငံအနေအထားအားဖြင့် မြန်မာပြည်၊ ယိုးဒယားပြည်၊ လာအိုပြည်၊ အာနန်ပြည်ဟူ၍ အသီးသီး ဖြစ်ပေါ်လာခဲ့လေသည်။ ထိုအကြီးအကဲတို့သည် နောင်တွင် အလယ်ခေတ်အချိန်၌ ပြည်ပိုင်မင်းများအနေဖြင့် နိုင်ငံကို စိုးမိုးအုပ်ချုပ်သူများအဆင့်သို့ တိုးတက်ရောက်လာခဲ့ကြလေတော့၏။

ထိုအရှေ့တောင်အာရှဒေသတွင်းရှိ နယ်များသည် အလွန်စောသော ခေတ်ကာလမှစ၍ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့၏ ယဉ်ကျေးမှုဩဇာလွှမ်းမိုးခြင်း ခံခဲ့ရလေသည်။ ဥရောပတိုက်၌ အလယ်ခေတ်ကာလအချိန်အတွင်း အိန္ဒိယ ယဉ်ကျေးမှု၏ လှုံ့ဆော်မှုကြောင့် ဤဒေသရှိ နယ်များတွင် ဗိသုကာနှင့် အနုပညာတို့ တိုးတက်ဖွံ့ဖြိုးလာခဲ့ရာ အခြားမည်သည့်နိုင်ငံများနှင့်မဆို ယှဉ်ပြိုင်နိုင်သည့် အခြေအနေသို့ပင် ရောက်ရှိနေခဲ့ပေသည်။

အရှေ့အာရှ တောင်ပိုင်းဒေသ၏ ပထဝီသွင်ပြင်အနေအထားကို

mgyoe.com

mgyoe.com


ကြည့်ရှုပါက အင်ဒိုချိုင်းနားပြည်အနီးရှိ အာနန်တောင်တန်းကြီးသည် တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့၏ ယဉ်ကျေးမှုသြဇာ ပျံ့နှံ့ရာ နယ်ပယ်ကို တံတိုင်းကြီးသဖွယ် ပိုင်းခြားကန့်သတ်ထားသည်နှင့် တူနေသည်ကို တွေ့ရှိနိုင်ပေသည်။ ဤတောင်တန်းကြီး၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့၌ ကျရောက်သော နယ်ပယ်ဒေသများသည် တရုတ်ပြည်၏ ယဉ်ကျေးမှုကို အမှီပြု၍ ထွန်းကားဖွံ့ဖြိုးလာရသည်။ တောင်တန်းကြီး၏ အနောက်ဘက်နှင့် တောင်ဘက်အရပ်ရှိ နယ်ပယ်ဒေသတို့သည် အိန္ဒိယပြည်မကြီးမှ ဆင်းသက်လာသော ယဉ်ကျေးမှုများ၏ သြဇာအောက်တွင် ဖွံ့ဖြိုးရင့်သန်လျက် ရှိလေသည်။

ဤကဲ့သို့ အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့၏ ယဉ်ကျေးမှုသြဇာနယ်ပယ်သည် အလယ်ခေတ်ကုန်ဆုံးသည့်အခါ ပေါ်တူဂီတို့ ထင်ပေါ်လာသည့်အချိန်တွင် သီးသန့်ခြားနားလာသည့်အတိုင်း ပီပီသသ ထင်ထင်ရှားရှား ပေါ်လွင်လာခဲ့ပေသည်။ အရှေ့တောင်အာရှဒေသတွင် ယဉ်ကျေးမှုနယ်ပယ်သည် နှစ်ပိုင်း ကွဲပြားခြားနားလာခြင်း ဖြစ်၏။ ယဉ်ကျေးမှုတစ်နယ်ကို အိန္ဒိယပြည် ယဉ်ကျေးမှုသြဇာက လွှမ်းမိုးကြီးစိုးနေသည်။ အခြားတစ်နယ်မှာ တံကင်း၊ အာနန်၊ ကိုချင်ချိုင်းနားတို့ဖြစ်၍ ထိုနယ်ပယ်သည် တရုတ်ယဉ်ကျေးမှုသြဇာ လွှမ်းမိုးပျံ့နှံ့ရာဒေသများ ဖြစ်ခဲ့သည်။

အရှေ့တောင်အာရှဒေသများ၏ ထူးခြားချက်တစ်ရပ်မှာ ဤကဲ့သို့ ယဉ်ကျေးမှုကြီးနှစ်ရပ် ကွဲပြားခြားနားလျက် ရှိနေကြသော်လည်း ထိုယဉ်ကျေးမှုကြီးနှစ်ရပ် တွေ့ဆုံကြရာ ဒေသများတွင် ပဋိပက္ခဖြစ်ပွားမှုများ လုံးဝမရှိသည့်ပြင် တစ်ခုနှင့်တစ်ခုလည်း ရောနှောထွေးယှက်သွားကြခြင်းလည်း မရှိကြပေ။ အချို့ပညာရှင်တို့က ယဉ်ကျေးမှုကြီးနှစ်ရပ်တို့သည် အရှေ့တောင်အာရှတွင် တွေ့ဆုံကြရာ၌ ပဋိပက္ခဖြစ်လျက်

mgyoe.com

mgyoe.com


သူ့အနိုင် ငါ့အနိုင် ယှဉ်ပြိုင်ခဲ့ကြသည်ဟု ယူဆသည်မှာ သမိုင်းဖြစ်ရပ်တို့က ထောက်ခံမှု မပြုခဲ့ကြပေ။

အရှေ့တောင်အာရှဒေသများသို့ တရုတ်၊ အိန္ဒိယ ယဉ်ကျေးမှုကြီးများ ဝင်ရောက်ထိုးဖောက်လာသည်ဟု ဆိုရာ၌လည်း အများထင်မြင်ယူဆသကဲ့သို့ ထိုဒေသရှိ တိုင်းရင်းသားများက ထိုယဉ်ကျေးမှုကြီးများအား ပုံစံမပျက် သိမ်းရုံးလက်ခံကျင့်သုံးခဲ့ကြသည် မဟုတ်ပေ။ ထိုအယူအဆသည် ယဉ်ကျေးမှုကြီးများ မရောက်မီက တိုင်းရင်းသားတို့သည် အရိုင်းအစိုင်း၊ ယဉ်ကျေးမှု လုံးဝ ကင်းမဲ့နေသည်ဟု ဆိုရာရောက်ပေသည်။ ထိုယူဆချက်သည် စင်စစ် လုံးဝ မမှန်ကန်ပေ။ ထိုသို့ ယူဆခြင်းသည် အမှန်အားဖြင့် ပြင်ပမှ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုအလေးပေးမှုတစ်ရပ်သာ ဖြစ်ပေသည်။ ထို့ပြင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များကို လုံးဝ ဂရုမပြု လျစ်လျူရှုထားရာ ရောက်ပေသည်။

စင်စစ်မှာ တိုင်းရင်းသားတို့သည် မိမိတို့လူမျိုးအလိုက် ထူးခြားစွာပင် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို တိုးတက်ဖွံ့ဖြိုးကြရန် ဆောင်ရွက်နေကြသူများသာ ဖြစ်ကြလေသည်။

တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့၏ ယဉ်ကျေးမှုသြဇာများ အရှေ့တောင်အာရှဒေသများသို့ ပျံ့နှံ့လာသည့်အချိန်တွင် တိုင်းရင်းသားလူမျိုးများသည် မိမိတို့ ကိုယ်ပိုင်ယဉ်ကျေးမှုများ အသီးသီး ရနေကြပြီဖြစ်၏။ ထိုအချိန်အခါတွင်လည်း အရှေ့တောင်အာရှ ဒေသတွင်း၌ လူမျိုးအသီးသီးတို့သည် မိမိတို့၏ နယ်ပယ်ဒေသများအတွင်း၌ အသီးသီး နေရာယူထားကြပြီး နေသားတကျ နေထိုင်စားသောက် ဖွဲ့စည်းတည်ထောင်နေကြပြီဖြစ်၏။ သမိုင်းဝင်လူမျိုးကြီးများ ပြောင်းရွှေ့လှုပ်ရှား နေရာရှာဖွေမှုကြီးသည် ရပ်စဲလျက်သွားပြီ ဖြစ်လေသည်။

တိုင်းပြည်ကြီးနှစ်ပြည်၏ ယဉ်ကျေးမှုသြဇာ ပျံ့နှံ့မလွှမ်းမိုးမီ

mgyoe.com

mgyoe.com


ကာလ၌ပင် တိုင်းရင်းသားတို့သည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ပျိုးထောင်ထားပြီး ဖြစ်လေ၏။ ထိုယဉ်ကျေးမှုများမှာ...

(၁) လူနေမှုစနစ်အတွင်း၌ အမျိုးသမီးများအား အရေးပါသော နေရာပေးထားမှုနှင့် မိခင်ဘက်မှ မျိုးရိုးဆင်းသက်မှုကို အသိအမှတ်ပြုထားခြင်း။

(၂) ဆည်မြောင်းတူးဖော် ရေသွင်းစိုက်ပျိုးရေး၊ ထိုစိုက်ပျိုးရေးမှ ပေါက်ဖွားလာသည့် ဖွဲ့စည်းမှုအတတ်ပညာများ။

(၃) ကျွဲနွား တိရစ္ဆာန်တို့ကို ယဉ်ပါးအောင် ပြုလုပ်ပြီး ခိုင်းစေခြင်း။

(၄) သံကို အခြေခံသဘောမျှ သုံးစွဲလာတတ်မှု။

(၅) ရေကြောင်း၌ ကူးသန်းသွားလာတတ်သည့် ပညာ။

(၆) နတ်ကိုးကွယ်မှု။

(၇) မိမိတို့၏ ဘိုးဘွားတို့အား ကိုးကွယ်မှုနှင့် မြေနတ်များကို ကိုးကွယ်ပသမှု။

(၈) ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများကို အထွတ်အထိပ် မြင့်မားသောနေရာ၌ တည်ဆောက်မှု ဓလေ့။

(၉) သေဆုံးသူတို့အား အိုးနှင့်ထည့်၍ မြှုပ်နှံမှု။

(၁၀) ဒဏ္ဍာရီ ပုံစံများ ဖြစ်လေသည်။

ယေဘုယျအားဖြင့် ဤကဲ့သို့သော ယဉ်ကျေးမှုရှိသူများသည် ပင်လယ်ကမ်းခြေဒေသများနှင့် မြစ်ဝှမ်းဒေသများ၌ နေထိုင်ကြသူတို့ ဖြစ်ကြပေသည်။

## မြန်မာပြည်တွင်းသို့ ဝင်ရောက်လာသူများနှင့် ယဉ်ကျေးမှု အခြေအနေ

အရှေ့တောင်အာရှတွင်းသို့ လူမျိုးစုများ ပျံ့နှံ့ဝင်ရောက်လာချိန်

mgyoe.com

mgyoe.com


တွင် အရှေ့တောင်အာရှတွင် တည်ရှိသည့် မြန်မာပြည်တွင်းသို့လည်း လူမျိုးစုများ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်လာခဲ့ကြ၏။ လွန်ခဲ့သော အနှစ်သုံးထောင်၊ လေးထောင်ခန့်မှစ၍ မြန်မာပြည်တွင်း၌ ရှေးလူများ နေထိုင်လာခဲ့ကြသည်ဟု သိရှိရပြီး ထိုလူများသည် ကျောက်ခေတ်လူမျိုး များပင် ဖြစ်ကြ၏။ ထိုသူများသည် အတည်တကျ အသင်းအဖွဲ့နှင့် စု ပေါင်းနေထိုင်တတ်ကြသူများ မဟုတ်ဘဲ ရေကြည်ရာ မြက်နုရာ လှည့် လည်သွားနေကြသူတွေ ဖြစ်၏။ သူတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်မှာ တောရိုင်းတိရစ္ဆာန်များကို ရှာဖွေသတ်ဖြတ် စားသောက်သော အမဲလိုက်အလုပ်သာ ဖြစ်၏။ ၎င်းတို့၏ အဓိကလက်နက်မှာ အသွား ချွန်ထားသော ကျောက်တုံး၊ ကျောက်ခဲများ ဖြစ်၏။ ၎င်းတို့သုံးစွဲခဲ့သော ကျောက်ခေတ်လက်နက်ကိရိယာဖြစ်သည့် ကျောက်လက်နက်များကို မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်ကမ်း သရက်ခရိုင်နှင့် ပြည်ခရိုင် များတွင် အများအပြား တွေ့ရပါသည်။

ကျောက်ခေတ်နောက်ပိုင်းတွင် မြန်မာပြည်တွင်းသို့ ဆလုံနှင့် မလေးအနွယ်ဝင်လူမျိုးတို့ ဝင်ရောက်လာခဲ့ပါသည်။ ၎င်းတို့ဝင်ရောက် လာခဲ့ခြင်းကြောင့် မြန်မာပြည်တွင် လက်ရှိလူတို့၏ ယဉ်ကျေးမှုသည် အဆင့်အတန်း တိုးတက်မြင့်မားလာခဲ့၏။ ထိုဆလုံနှင့် မလေးအနွယ်ဝင် လူမျိုးတို့သည် ပြင်ပမှဝင်လာသူများ ဖြစ်၍ ၎င်းတို့သည် ပြင်ပမှဝင်လာ သူ လူမျိုးစုများအထဲတွင် ရှေးအကျဆုံးလူမျိုးများ ဖြစ်ကြ၏။ ၎င်းတို့ သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်၊ သုံးထောင်ခန့်က မြန်မာပြည်နှင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်တွင်းသို့ ဝင်ရောက်ခဲ့၏။ ထိုလူမျိုးစုတို့သည် စင်စစ်အားဖြင့် တစ်ကြိမ်က အရှေ့ တောင်အာရှဒေသ အနှံ့အပြားတွင် နေထိုင်ခဲ့ကြသူတွေ ဖြစ်ပေသည်။

ဆလုံနှင့် မလေးအနွယ်ဝင် လူမျိုးစုများ ဝင်ရောက်လာသည်တွင်

mgyoe.com

mgyoe.com


မြန်မာပြည်တွင်း၌ နေထိုင်သောသူတို့၏ ယဉ်ကျေးမှုသည် တစ်ဆင့်တိုးတက်လာခဲ့၏။ ဤဆလုံနှင့် မလေးနွယ်ဝင် လူမျိုးစုများသည်လည်း အတည်တကျနေတတ်သူများ မဟုတ်သေးပေ။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းမှုအတွက် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ သစ်ဥသစ်ဖုရှာဖွေသည့် အလုပ်အပြင် အသီးအနှံပင်များကိုလည်း ထွန်ယက်စိုက်ပျိုးသည့် အတတ်ပညာကိုလည်း သိရှိလာကြသည်။ ၎င်းတို့စိုက်ပျိုးနည်းမှာ ယခုခေတ် တောင်ပေါ်သား တိုင်းရင်းသားတို့ စိုက်ပျိုးသည့် တောင်ယာစနစ်ကဲ့သို့ပင် ဖြစ်ပေသည်။

ဤဆလုံနှင့် မလေးနွယ်ဝင် လူမျိုးစုတို့သည်လည်း နောက်ထပ်မြန်မာပြည်တွင်းသို့ ဝင်ရောက်လာကြသူတွေ၏ တိုးဝင်ဖိနှိပ်မှုကြောင့် တောင်ဘက်သို့ တဖြည်းဖြည်း ရွှေ့ပြောင်းလာခဲ့ကြရ၏။

နောက်ထပ် ဝင်ရောက်လာသူတွေသည် ပင်ကိုယဉ်ကျေးမှုများပါလာခဲ့သူတွေ ဖြစ်၏။ ၎င်းတို့အရင်ရောက်နေသူ ဆလုံ၊ မလေးနွယ်ဝင်လူမျိုးစုများထံမှလည်း ယဉ်ကျေးမှုများကို ရလိုက်ကြသေးသည်။ ဆလုံ၊ မလေးအနွယ်ဝင်တို့ထံမှ တောင်ယာစနစ် စိုက်ပျိုးနည်းကို နည်းယူပြီး အသီးအနှံပင်များကို ပိုမိုစုံလင်စွာ စိုက်ပျိုးလာကြ၏။ ထိုအချိန်မှစ၍ စပါး၊ နှံစားပြောင်း၊ ပဲကြီး၊ ပဲလွန်း၊ ကြံ၊ ပိန်းဥ၊ မျောက်ဥ၊ ကျောက်ဖရုံနှင့် ဘူး စသော သီးနှံပင်တို့ကို စိုက်ပျိုးကြသည်ဟု ဆိုကြ၏။

ထိုလူမျိုးတို့သည် ပထမဦးဆုံး စိုက်ပျိုးလုပ်ကိုင်သူများဟု ခေါ်ဆိုကြရပေမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် စိုက်ပျိုးထွန်ယက်စားသောက်သူများအဖြစ်ဖြင့် လူတို့၏ နေထိုင်မှု၊ စားသောက်မှုနှင့် ပေါင်းစည်းနေထိုင်မှုကို ပြောင်းလဲစေခဲ့သူတွေ ဖြစ်၏။ အသီးအနှံပင်များကို တိုးချဲ့၍ စိုက်ပျိုးစားသောက်နေကြသည့်အခါတွင် အိုးအိမ်များကို အတည်တကျ ထူထောင်ကာ နေထိုင်လာခဲ့ကြသဖြင့် ရွာများ စတင် ပေါ်ပေါက်

mgyoe.com

mgyoe.com



လာခဲ့၏။ ရွာတည်ထောင်နိုင်မှုမှာ အများအပြား စုရုံးနေထိုင်လာတတ်မှု ကြောင့် ဖြစ်၏။ ဤကဲ့သို့ စုရုံးပေါင်းစည်း နေထိုင်လာသည့်အခါတွင် လူအချင်းချင်းဆက်ဆံမှုကို ပြေလည်အောင် စည်းကမ်း၊ ထုံးတမ်းစဉ်လာ စသည်တို့ကို ပျိုးထောင်ရသည်။ အတိုချုပ်အားဖြင့်ဆိုသော် လူနေမှု စနစ်တစ်ခုကို ဖန်တီးလာနိုင်ခဲ့ကြပေတော့၏။

ဤသူများသည် မြန်မာပြည်တွင်းသို့ ခရစ်သက္ကရာဇ် ၁ ရာစုခန့်က ဝင်ရောက်ခဲ့သူတွေ ဖြစ်ကြပြီး မွန်၊ ပလောင်၊ ဝတို့နှင့် အမျိုးတူသူများ ဖြစ်သည်ဟု ဆို၏။ ၎င်းတို့အား မြန်မာနိုင်ငံတွင်း၌ မတွေ့ရတော့ပေ။ တဖြည်းဖြည်း တောင်ဘက်သို့ ရွှေ့ပြောင်းလာခဲ့ရာမှ နီကိုဘာကျွန်း၊ မလေးကျွန်းဆွယ်အလယ်ပိုင်း တောတောင်ဒေသများသို့ ရောက်သွားခဲ့ ကြဟန် တူပေသည်။

မြန်မာပြည်တွင်းသို့ ခေတ်ဦး၌ ဝင်လာကြသူတွေသည် ကိုယ်ပိုင် ယဉ်ကျေးမှု ရှိကြသော်လည်း အဆင့်အတန်း မမြင့်လှသေးပေ။ ထိုခေတ် အချိန်မှာ သမိုင်းဝင်လူမျိုးစုများ ရွှေ့ပြောင်းလှုပ်ရှားနေသဖြင့် ရှေးဦး ရောက်လာသူတို့ကို နောက်မှရောက်လာသူတွေက ထိုးဖောက်တိုးဝင် ဖိနှိပ်နေသဖြင့် တဖြည်းဖြည်း တောင်ဘက်သို့ ရွှေ့ပြောင်းပေးနေရသည်။ အတည်တကျ နေထိုင်နိုင်ပုံမပေါ်။ အမဲလိုက်၊ သားငါးဖမ်း၍ အသက် ဝမ်းကျောင်းနေကြရ၏။

ထိုကျောက်ခေတ်လူတို့သည် ဝတ်စားဆင်ယင်မှုဟူ၍ ရှိဟန်မတူ ပေ။ သစ်ရွက်သစ်ခက်ကို ဝတ်ဆင်ခြင်း၊ မိမိတို့ သတ်ဖြတ်၍ရသော တိရစ္ဆာန်တို့၏ သားရေကို ဝတ်ဆင်သည့်အလေ့ ရှိကောင်းရှိပေမည်။

ဆလုံ၊ မလေးနွယ်ဝင်တို့ ရောက်ရှိပြီးနောက် သစ်ခေါက်ကို ထုတော ၍ဝတ်သည့် အလေ့အထ ပေါ်ပေါက်ခဲ့မည်ဟု ခန့်မှန်းရ၏။ ထိုနောက် လက်ပံပင်မှရရှိသော လဲမှို့ကို ပြုပြင်စီမံ၍ ရက်လုပ်ဝတ်ဆင်ကြဟန်

mgyoe.com

mgyoe.com



တူ၏။ နောက်တစ်ဆင့် တိုးတက်လာသောအခါ ထိုအထည်များကို မဲနယ်များဆိုး၍ ဝတ်လာတတ်ကြ၏။ ထိုအချိန်တွင် ဝါဂွမ်းကား မပေါ်သေးပေ။

❒

mgyoe.com

mgyoe.com

## အခန်း (၃)

# ဧရာဝတီမြစ်ဝှမ်းမှ မြန်မာပြည်အသွင်သို့

(၁)

မြန်မာ့ရှေးဟောင်းသမိုင်းကို ယဉ်ကျေးမှုရှုထောင့်မှ လေ့လာစူးစမ်းရာ၌ ထူးခြားသော မြန်မာနိုင်ငံ၏ ပထဝီဝင် အနေအထားကို နေရာပေး၍ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပထဝီအနေအထား သွင်ပြင်သည် မြန်မာပြည်၏ နိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများ သီးခြားဖြစ်ပေါ်လာမှုကို ဖန်တီးခဲ့သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင် အနေအထားမှာ အာရှတိုက်၌ ထူးခြားသည့် ပုံသွင်ဆောင်နေသည်ကို မြေပုံကိုကြည့်က သိသာပေသည်။ မြန်မာနိုင်ငံ၏ အချက်အချာဒေသသည် အလယ်ဗဟို၌ တည်ရှိသော ဧရာဝတီမြစ်ဝှမ်းဖြစ်လျက် ဘေးပတ်လည်မှ မြင့်မားသော တောင်တန်းကြီးများ ဝန်းရံလျက်ရှိ၏။ တောင်ဘက်သို့ တောင်တန်းများသည် သွယ်တန်းဖြာထွက်လာခဲ့ရာ အစွန်ဆုံး ဘင်္ဂလားပင်လယ်အော်အရောက်၌ ဘေးပတ်လည်မှ မြစ်ဝကျွန်းပေါ်ဒေသကို ကာရံလျက် ပင်လယ်သို့ ထွက်ပေါက်တစ်ခု ဖွင့်ပေးထားလေသည်။ အချက်အချာဒေသဖြစ်သည့် ဧရာဝတီမြစ်ဝှမ်းဒေသသည် အထက်မှအောက်သို့ တဖြည်းဖြည်း ကျယ်ပြန့်

mgyoe.com

mgyoe.com


လာသည်။ ဤအနေအထားကြောင့်ပင် သမိုင်းဝင်လူမျိုးကြီးများ ရွှေ့ပြောင်းသက်ဆင်းလာမှုတွင် အထက်မှ အောက်၊ မြောက်မှ တောင်သို့ လမ်းကြောင်းပေးခဲ့သည်။

မြန်မာနိုင်ငံနယ်နိမိတ်၏ ငါးပုံသုံးပုံမှာ မြင့်မားသော တောင်ကုန်းမြင့်များဖြစ်ပြီး မြန်မာနိုင်ငံကို ဝန်းရံထား၏။ ကျန် ငါးပုံနှစ်ပုံသည် ပင်လယ်ပြင်ဖြစ်သည်။ မြောက်ဘက် အရှေ့ပါကစ္စတန် နယ်စပ်ဖြစ်သည့် နတ်မြစ်ဝမှ တောင်ဘက် ပတ်ချန်မြစ်ဝအထိ နယ်နိမိတ်သည် မိုင်ပေါင်း ၁၇၀၀ ခန့် ရှည်သည်။ မြန်မာနိုင်ငံ၏ မြောက်ပိုင်းကို အလွန်မြင့်သော ရေခဲဖုံးသည့် တောင်တန်းများက ဝန်းရံလျက်ရှိ၏။ မြောက်ဘက် ပူတာအိုဘက်ရှိ တောင်များသည် ပေ ၂၀၀၀၀ ကျော် မြင့်လျက် မြောက်ဘက် တိဗက်ကုန်းပြင်မြင့်နှင့် ဆက်စပ်နေသည်။

အနောက်ဘက်အဆွယ်ဖြစ်သော တောင်တန်းသည် မြန်မာနိုင်ငံ၏ အနောက်ဘက် နယ်နိမိတ်ဖြစ်လျက် တောင်ဘက်သို့ သွယ်ဆင်းသွား၏။ ၎င်းပြင် အလယ်နှင့် အရှေ့နယ်နိမိတ်မှာလည်း တောင်တန်းများ ဖြစ်၏။ သဘာဝနယ်နိမိတ်အဖြစ် တောင်နှင့်မြောက် သွယ်တန်းလျက်ရှိ၏။

ရှေးခေတ်ဦးလူများအတွက် ဤတောင်တန်းကြီးများကို ဖောက်ထွင်းဝင်ရောက်လာရန်မှာ များစွာ ခက်ခဲကြပေလိမ့်မည်။ သို့ရာတွင် ဤကဲ့သို့ ခက်ခဲသည်နှင့်အမျှလည်း မြေပြန့်ဒေသများသို့ ရောက်ရှိလာသည့်အခါတွင် အကျိုးကျေးဇူးများကို ခံစားရလေသည်။

ထိုရှေးခေတ်လူများသည် မြန်မာနိုင်ငံ မြေပြန့်ဒေသသို့ မည်မျှလောက် စောစောရောက်လာသည်ကို ခန့်မှန်းရန် မလွယ်ကူလှပေ။ သို့သော်လည်း ဧရာဝတီမြစ်၏ အောက်ခံအလွှာအထပ်ထပ်မှ တွေ့ရှိရသော သမိုင်းသက်သေပစ္စည်းများ အထောက်အထားပြု၍ အလွန်ပင် စောသော

mgyoe.com

mgyoe.com


ကာလမှပင် ရောက်ရှိလာပြီး နေထိုင်ကြသည်ကို သိရှိရလေသည်။ ဤအရပ်ဒေသမှာ သဘာဝပစ္စည်းများဖြင့် များစွာ ကြွယ်ဝသည်မှန်သော်လည်း ရောက်ရှိလာသူ ရှေးလူတို့သည် သဘာဝ၏ သယံဇာတပစ္စည်းများကို များစွာ အသုံးချနိုင်စွမ်း မရှိခဲ့ပေ။ သို့ရာတွင် ၎င်းတို့သည် သီးနှံပင်စိုက်ပျိုးရေး၌ တစ်နည်းနည်းဖြင့် တိုးတက်ပြောင်းလဲမှုကို ပြုလုပ်ခဲ့ကြမည်မှာ အမှန်ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ခန့်အချိန်ထိ ကြွယ်ဝသော မြေပြန့်ဒေသမှာ နေထိုင်သူ လူနည်းပါးလှသော ဒေသဖြစ်ခဲ့၏။ ရွှေ့ပြောင်းလှုပ်ရှားနေသော သမိုင်းမတင်မီ ခေတ်လူတို့အား ဆွဲဆောင်ဖိတ်ခေါ်လျက်ရှိ၏။ ယေဘုယျအားဖြင့်ဆိုရသော် မြန်မာနိုင်ငံတွင်းသို့ ဝင်လာသမျှသော ယဉ်ကျေးမှု အဆင့်အတန်းအမျိုးမျိုးတွင် ရှိကြသူတို့၏ အပြီးသတ်ရည်မှန်းချက်သည် မြေပြန့်ဒေသတွင်းသို့ ဝင်ရောက်နေရာယူနိုင်ရေးသာဖြစ်ခဲ့၏။ ယခုခေတ် မြန်မာတို့နှင့် မြန်မာ့ယဉ်ကျေးမှုသည် ဤကြိုးပမ်းမှုများ၏ အကျိုးသက်ရောက်မှု သာဓကများ ဖြစ်လေ၏။ သို့ဖြစ်၍ ဇာတိဇာစ်မြစ်အားဖြင့် ကုန်းမြေမြင့်ဒေသသားများ ဖြစ်ကြသော်လည်း ယနေ့ မြန်မာတို့သည် မြေပြန့်သားများ ဖြစ်လာခဲ့ကြ၍ ၎င်းတို့၏ ယဉ်ကျေးမှုသည်လည်း မြေပြန့်သားယဉ်ကျေးမှုသာလျှင် ဖြစ်၏။

မြန်မာ့ယဉ်ကျေးမှုဖြစ်စဉ်တွင် ထူးခြားသည့်အချက်မှာ မြောက်ဘက်ဒေသ တိဗက်ပြည် တောင်တန်းအနီး တရုတ်ပြည်၏ တောင်ဘက်သို့ လူမျိုးစုများသည် တောင်တန်းနှင့် မြစ်ကြောင်းအတိုင်း တဖြည်းဖြည်းနှင့် မှန်မှန်ဖြင့် မြန်မာနိုင်ငံတွင်းသို့ ရွေ့လျားဆင်းသက်လာကြခြင်းဖြစ်၏။ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၏။

အချို့သော ရှေးခေတ်လူမျိုးတို့သည် မြေပြန့်ဒေသတွင်းသို့ ဖောက်

mgyoe.com

mgyoe.com



ထွင်းဝင်ရောက်လာနိုင်ခဲ့ပြီး ပြည်နယ်များ ထူထောင်နိုင်ခဲ့၏။ အချို့သည် ဤမျှ ခရီးမပေါက်။ မြေပြန့်၏ အစွန်အဖျားအထိသာ ရောက်လာနိုင်ခဲ့သေးသည်။ ၎င်းတို့အတွင်းမှ အချို့လူမျိုးစုတို့သည် ထိုမှတစ်ဆင့် မြေပြန့်တွင်းသို့ စိမ့်၍ဝင်လာခဲ့ပြီး မြေပြန့်ယဉ်ကျေးမှုများနှင့် ရောနှောသွားနိုင်ခဲ့၏။ အချို့မှာမူ မြေပြန့်ဒေသ၌ ခြေကုပ်ပင်မရနိုင်ဘဲ တောင်ပေါ်ဒေသများ၌ နေရာယူနေထိုင်ရခြင်းဖြင့်သာ တင်းတိမ်ရောင့်ရဲရပေတော့သည်။

ပထမဦးဆုံး မဟုတ်သော်လည်း တော်တော်စောစောကာလကပင် ရောက်ရှိလာသည့် မြန်မာစကားနှင့် နီးစပ်သောစကားကိုပြောသည့် လူမျိုးစုသည် မြေပြန့်ဒေသတွင်းသို့ တိုးဝှေ့ထိုးဖောက် ဝင်ရောက်လာနိုင်ခဲ့၏။ ထိုသူတို့သည် ယခုခေတ် မြန်မာ့ယဉ်ကျေးမှုနှင့် ဘာသာစကားကို စတင်အခြေချခဲ့သူတွေ ဖြစ်၏။ သူတို့သည် မြေပြန့်ဒေသသို့ ရောက်ရှိလာခဲ့ကြပြီး တဖြည်းဖြည်း လူဦးရေအင်အားကောင်းလာကာ သီးသန့် ယဉ်ကျေးမှုတစ်ရပ်ကို ပြုစုပျိုးထောင်မိကြပြီး မိမိတို့၏ စီးပွားရေးအတွက် အခြေချမိခဲ့သည့်အချိန်၌ ထိုသူတို့သည် အထက်ကုန်းမြေမြင့်မှ လူတို့၏ ထိုးဖောက်ဝင်လာမှုကို ခုခံတွန်းလှန်ကြတော့သည်။ ထိုတွန်းလှန်ခုခံမှုသည် တဖြည်းဖြည်း အင်အားကောင်းလာ၍ နိုင်ငံရေး၊ စစ်မက်ရေး၌ ဖွဲ့စည်းမှုအတတ်ပညာ တိုးတက်လာသည်နှင့်အမျှ ထိရောက်ပြင်းထန်လာခဲ့၏။ ထို့ကြောင့် မြေပြန့်ဒေသအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာနိုင်မှုသည် တစ်စတစ်စ ပိုမို၍ ခက်ခဲလာခဲ့တော့၏။

## (၂)

ခရစ်သက္ကရာဇ် အစကာလ၌ အိန္ဒိယတိုင်းသား ကုန်သည်တို့သည် ပင်လယ်ကို ဖြတ်သန်းလျက် အရှေ့အာရှတောင်ပိုင်းဒေသများသို့ အနှံ့အပြား သွားရောက်နေထိုင်ပြီး ကုန်စည်ကူးသန်းနေကြပြီဟု သမိုင်းပညာ

mgyoe.com

mgyoe.com


ရှင်တို့က မိန့်ဆိုကြ၏။ စင်စစ်အားဖြင့် အိန္ဒိယတိုင်းရင်းသား ကုန်သည်တို့သည် ထိုခေတ်မတိုင်မီ စောစောပိုင်းကပင် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်သန်းနိုင်ရန် ရေလမ်းခရီးကို ရှာဖွေစူးစမ်းလျက် သိမှတ်နေကြလေသည်။ ထိုခေတ်ထက်စောသည့် ကာလကပင် အာရေဗျ ပင်လယ်ကိုဖြတ်လျက် ၎င်းတို့သည် ပင်လယ်ခရီးဖြင့် ကူးလူးဆက်ဆံနေကြပြီးဖြစ်သဖြင့် ၎င်းတို့သည် ဘင်္ဂလားပင်လယ်ကိုလည်း မစူးမစမ်း၊ မလေ့မလာမဖြတ်သန်းဘဲ နေမည်မဟုတ်ပေ။ ခရစ်မပေါ်မီ အနှစ် ၄၀၀ ခန့်လောက်တွင် မြန်မာပြည်ကမ်းရိုးတန်းတစ်လျှောက် ပသျှူးကျွန်းဆွယ် ကမ်းရိုးတန်းဒေသတို့၌ အိန္ဒိယတိုင်းရင်းသား ကုန်သည်တို့သည် မိမိတို့၏ကုန်သွယ်ရေးဌာနများ အတည်တကျ ဖွင့်လှစ်ထားလျက် ကုန်ကူးသန်းရောင်းဝယ်မှုပြုနေဟန် လက္ခဏာရှိလေသည်။ သူတို့သည် ကနဦးပိုင်းက ကမ်းရိုးတန်းတစ်လျှောက်ရှိ အချက်အချာဖြစ်သည့် အရပ်ဒေသများနှင့်သာ ကူးသန်းနေဟန်တူပါသည်။ သူတို့သည် မိမိတို့ရောက်ရှိနေသည့် ကမ်းရိုးတန်းပေါ်ရှိ အရပ်ဒေသ၏ အတွင်းပိုင်း၌ မည်သို့အခြေအနေရှိသည်ကို သိဟန်မတူ။ ထိုကမ်းရိုးတန်းပေါ်ရှိ အခြေစိုက်ရာ ဒေသတို့နှင့်သာ ဆက်ဆံကူးလူးလျက် ရွှေ၊ အဖိုးတန်ကျောက်များ၊ ဆင်စွယ်များ၊ ရှားပါးသည့် နံ့သာတုံးများကို ဝယ်ယူရခဲ့ဟန် တူလေသည်။ အတန်ကြာမြင့်သည့် ကာလ၌ ဤသို့ ကူးသန်းရောင်းဝယ်ရေးသည် အကျိုးရှိသည်ကို တွေ့ရှိကြ၏။ ဘီစီ ၄၀၀ ခန့်လောက်တွင် ၎င်းတို့သည် မြန်မာပြည်မြေပြန့်ဒေသမှ မြစ်ဝကျွန်းပေါ်ဒေသများကို ပိုမိုနှစ်ခြိုက်လျက် ဤဒေသတစ်ဝိုက်ကို စူးစိုက်လာခဲ့ကြ၏။

ဤကဲ့သို့ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အဖွဲ့အစည်းများနှင့်ရှိပြီးဖြစ်သူတို့သည် မြေပြန့်ဒေသ၌ ကုန်သွယ်ရေးစခန်းများ တည်ထောင်နေခဲ့ရာ မိမိတို့နှင့် ယဉ်ကျေးမှုအားဖြင့် ကွဲပြားခြားနားနေသူတို့နှင့် ပဋိပက္ခ

mgyoe.com

mgyoe.com


ဖြစ်ပွားခဲ့ကြပေလိမ့်မည်မှာ ဓမ္မတာပင် ဖြစ်ပေသည်။

ထိုခေတ်အခါ အိန္ဒိယပြည်တွင်း နိုင်ငံရေးအခြေအနေ ပြောင်းလဲမှု အရလည်း စစ်ပြေးများ၊ စီးပွားရေးသမားများ၊ သာသနာပြုများနှင့် အခြား အိန္ဒိယ ယဉ်ကျေးမှုအဆင့်အတန်း အမျိုးမျိုးရှိသူများတို့သည်လည်း ကုန် သည်များနှင့်အတူ ဘင်္ဂလားပင်လယ်ကို ဖြတ်ကျော်၍ ရောက်ရှိလာကြ ပေသည်။ ဤကဲ့သို့ ကူးသန်းဆက်ဆံမှုကြောင့် မြန်မာပြည်ကမ်းရိုးတန်း တစ်လျှောက်တွင် အိန္ဒိယ ယဉ်ကျေးမှုစခန်းငယ်များ ပေါ်ထွန်းလာခဲ့၏။ ထိုယဉ်ကျေးမှုစခန်းငယ်များက အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်ရှိ လူများအပေါ်တွင် စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံရေးအရ ဩဇာလွှမ်းမိုးလာခဲ့သည်။ မြန်မာပြည်အတွင်းရှိ တိုင်းရင်းသားတို့သည် ထိုအချိန်ကာလ၌ လူမှုအဆောက်အအုံအနေဖြင့် များစွာ အဆင့်အတန်း နိမ့်ကျနေသေးလျက် စီးပွားရေးအဖွဲ့အစည်းအနေဖြင့်လည်း မပြောပ လောက်သည့်ပြင် နိုင်ငံရေးအရလည်း လူမျိုးစု အသင်းအပင်းလောက် သာ ရှိသေးသည်။ ထို့ကြောင့်ပင် ၎င်းတို့ထက် အဆင့်အတန်းမြင့်လျက် ယဉ်ကျေးမှုရေးရာများ၌ တိုးတက်ဖွံ့ဖြိုးနေသည့် အိန္ဒိယတိုင်းရင်းသား တို့၏ ဩဇာလွှမ်းမိုးမှုကို မတွန်းလှန်နိုင်ကြချေ။ သူတို့သည် ကာလ ကြာမြင့်သော် အိန္ဒိယ ယဉ်ကျေးမှုများကို လက်သင့်ခံလာကာ မိမိတို့ ရိုးရာယဉ်ကျေးမှုနှင့် သမစေပြီး ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ဖန်တီးယူ ကြလေသည်။ ထိုယဉ်ကျေးမှုမှာ ဘာသာရေးမှစ၍ စိုက်ပျိုးရေးရာအထိ ပါဝင်ပေသည်။ ထို့ကြောင့် သူတို့သည် ကုန်ကူးသန်းရောင်းဝယ်နိုင် သည့် ကုန်ကြမ်းများကို ပိုမိုထုတ်လုပ်နိုင်လာကြ၏။ တဖြည်းဖြည်း ဤကဲ့သို့သော ကူးသန်းရောင်းဝယ်ရေးစခန်းများသည် သင်္ဘောဆိပ်မြို့ ကလေးများအထိ တိုးတက်ကြီးပွား ထွန်းကားလာခဲ့၏။ ကျောထောက် နောက်ခံနယ်မြေများသည်လည်း ပိုမိုကျယ်ဝန်းလာသည်။ ယဉ်ကျေးမှု

mgyoe.com

mgyoe.com


များလည်း ပိုမိုထွေပြားကျယ်ပြန့်လာ၏။ ဤကဲ့သို့ မြေပြန့်ဒေသ၌ ယဉ်ကျေးမှုများ ပိုမိုတိုးတက်ဖွံ့ဖြိုး ကျယ်ပြန့်လာသဖြင့်လည်း ထိုမြေပြန့်ဒေသများသည် ပိုမိုစွဲမက်ဖွယ်ရာ ဖြစ်လာကြ၍ မြောက်မှ တောင်ဘက်သို့ ရွေ့လျားလာနေသည့် ကုန်းမြေမြင့်သားများအတွက် ပိုမိုစိတ်ဝင်စားလာစေတော့၏။

ဘီစီ ၁၀၀ ခုနှစ်ခန့်တွင် မြစ်ဝကျွန်းပေါ်ရှိ ကုန်သွယ်ရေးစခန်းများသည် အကျိုးဖြစ်ထွန်းသည့် နယ်မြေများအဖြစ် ထင်ပေါ်လာသည်သာမက ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအရ အဆင့်အတန်းအမြင့်ဆုံး အဖွဲ့အစည်းများအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပေသည်။ ဤဆိပ်ကမ်းမြို့နယ်ကလေးများသည် ဗဟိုအချက်အချာ ဌာနများအသွင်သို့ ရောက်လာခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခေတ်ဦးပြည်နယ်များအဖြစ် တိုးတက်ဖွဲ့စည်းလာနိုင်ခဲ့ပေသည်။

အေဒီ ၅ ရာစုခန့်တွင် ပြည်ထောင်ငယ်များအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုအချက်အချာ ဗဟိုဌာနများအဖြစ်လည်းကောင်း ထင်ရှားပေါ်ထွန်းလာသော အမည်နာမများကို ကျွန်ုပ်တို့ တွေ့လာခဲ့ရပေတော့သည်။

(၃)

အေဒီ ၅ ရာစုမှစ၍ မြန်မာပြည် တိုးတက်လှုပ်ရှားမှုတွင် အဓိက လက္ခဏာရပ်ကြီး နှစ်ရပ်တို့သည် ပေါ်လွင်ထင်ရှားလာသည်။ လက္ခဏာတစ်ရပ်မှာ မြေပြန့်ဒေသများကို မည်သူတို့သည် အင်အားချင်းပြိုင်ဆိုင်၍ အနိုင် ထိန်းသိမ်းထားနိုင်မည်နည်းဟူသော ပြဿနာဖြစ်၍ အခြားလက္ခဏာတစ်ရပ်မှာ မည်သူတို့သည် မြောက်ဘက်ကုန်းမြေမြင့် နယ်နိမိတ်များနှင့် ကမ်းရိုးတန်းများကို အားပြိုင် အနိုင်ရယူ အုပ်စီးထားနိုင်မည်နည်းဟူသော ပြဿနာပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com


အချို့လူမျိုးစုများအတွက် မြေပြန့်ဒေသကို ကွပ်ကဲထိန်းသိမ်းထားနိုင်ရေးသည် အဓိကရည်ရွယ်ချက် ဖြစ်၏။

အချို့လူမျိုးစုများအတွက်မူ ကုန်းမြေမြင့်နယ်နိမိတ်နှင့် ကမ်းရိုးတန်းကို ထိန်းသိမ်းရယူထားရေးသည် အဓိကပန်းတိုင် ဖြစ်၏။

အေဒီ ၅ ရာစုမတိုင်မီကပင် မြောက်ဘက်မှ လူမျိုးစုတို့သည် ယဉ်ကျေးမှုအဆင့်အတန်း အမျိုးမျိုးနှင့် တောင်ဘက်ဒေသများသို့ စိမ့်၍ ဝင်ရောက်လာခဲ့ကြ၏။ တောင်ဘက်ဒေသများ၌ကား အိန္ဒိယတိုင်းရင်းသားတို့သည် ပင်လယ်ဖြတ်ကူးပြီး ရောက်လာခဲ့ကြသည်။ ဤတွင် မြောက်ပိုင်းဒေသသို့ ရောက်လာသူတို့သည် လူအင်အားကို ဖြည့်တင်းပေးသကဲ့သို့ အိန္ဒိယတိုင်းရင်းသားတို့ကလည်း ယဉ်ကျေးမှုဆိုင်ရာ ဖွံ့စည်းမှုရေးရာများကို ထောက်ပင့်ပေးလေသည်။

ထိုဖြစ်ရပ်နှစ်ခု ပေါင်းစပ်ပေးမှုဖြင့် တောင်ဘက် မြေပြန့်ဒေသတွင် ရှေးဦးကုန်သွယ်ရေးစခန်းများနှင့် ပြည်နယ်အဖွဲ့အစည်းကလေးများ ဖြစ်ပေါ်လာစေခဲ့၏။ ဤပြည်နယ်ကလေးများသည် တဖြည်းဖြည်း အင်အားတိုးတက်ဖွံ့ဖြိုးလာကာ နယ်ပယ်ကျယ်ပြန့်လာသည်နှင့်အမျှ မြောက်ပိုင်းမှ လူမျိုးစုများ ဖိနှိပ်သက်ဆင်းလာမှု အရှိန်သည်လည်း ကြီးမားလာခဲ့၏။ ဤတွင် အင်အားပြိုင်ဆိုင်မှုသည် စတင်လေတော့၏။

အစောဆုံးပြည်နယ်များမှာ ဗိဿနိုး၊ သရေခေတ္တရာ၊ ပဲခူးနှင့် သထုံတို့ဖြစ်ကြ၍ ထိုနယ်ပယ်ဒေသတို့၌ အိန္ဒိယပြည်၏ ယဉ်ကျေးမှုသြဇာ အလွှမ်းမိုးဆုံး ဖြစ်လေသည်။ ဤကဲ့သို့ အိန္ဒိယသြဇာလွှမ်းမိုးမှုသည် အေဒီ ၅ ရာစုမှ အစပြုလာပြီး အေဒီ ၉ ရာစုခန့်အထိ အင်အားကောင်းလာခဲ့သည်။ သရေခေတ္တရာသည် စောစောပိုင်းရာစုနှစ်များ၌ အင်အားအကောင်းဆုံးဖြစ်လျက် နောက်ပိုင်းရာစုနှစ်များ၌ သထုံသည် အင်အားအကောင်းဆုံး ဖြစ်လာခဲ့သည်။ ထိုပြည်နယ်များ၏ သြဇာသည်

mgyoe.com

mgyoe.com


ဧရာဝတီနှင့် စစ်တောင်းမြစ်တစ်လျှောက်မှ မြောက်ဘက်တိုင်အောင် လွှမ်းမိုးခဲ့လေသည်။

အေဒီ ၇ ရာစုနှင့် ၈ ရာစုများတွင် မြောက်ပိုင်းမှ လူမျိုးစုများ ရွှေ့လျားဖိနှိပ်တိုးဝင်မှုသည် ပိုမိုအင်အားကောင်းလာပြီး လူမျိုးစုအသစ်တို့သည် မြေပြန့်ဒေသ၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများဆီသို့ တိုးဝင်လာကြပြီး မြေပြန့်ဒေသ၌ နေထိုင်အခြေချကြရန် သင်ကြား လေ့လာ ဆည်းပူးနေကြ၏။ ၈ ရာစုအစ၌ မြန်မာလူမျိုးတို့သည် မိုးပါးရေရှား အရပ် မြေပြန့်ဒေသ၏ အလယ်ပိုင်းဆီသို့ ဝင်ရောက်မိကြလေတော့၏။ သူတို့သည် မိမိတို့၏ အရည်အသွေးကို တိုးတက်အောင် ပြုကြသည်။ ဗုဒ္ဓဝါဒကိုးကွယ်မှုကို လက်ခံကျင့်သုံးကြပြီး အခြား မြေပြန့်ဒေသယဉ်ကျေးမှုများကိုလည်း လက်ခံကျင့်သုံးလေတော့သည်။ ၉ ရာစု အလယ်လောက်တွင် မြန်မာလူမျိုးတို့သည် မြန်မာပြည်အလယ်ပိုင်း၌ ပုဂံမြို့ကို တည်ထောင်နိုင်ခဲ့ပေတော့၏။

၁၀ ရာစု အလယ်လောက်တွင် အင်အားပြည့်ဖြိုးလျက် ဖွဲ့စည်းမှုအတတ်ပညာကို သင်ကြားတတ်မြောက်လာခဲ့လျက် မိမိတို့၏ အာဏာစက်ကို တောင်နှင့်မြောက်တွင် မိုင် ၃၀၀ ကျော်နှင့် အရှေ့နှင့်အနောက်တွင် မိုင် ၈၀ ကျော် ဖြန့်နိုင်လာခဲ့သည်။ ၁၁ ရာစု အလယ်လောက်တွင် သထုံပြည်ကိုပင် တိုက်ခိုက်အောင်နိုင်ခဲ့သဖြင့် တောင်ပိုင်းမြေပြန့်ဒေသကိုပါ သိမ်းယူနိုင်ခဲ့သည်။

ဤကဲ့သို့ အာဏာစက် နယ်ပယ်တိုးချဲ့နေသည့် ကာလအတွင်း၌ပင် မြန်မာတို့သည် စာပေကို တီထွင်ခဲ့သည်။ နယ်ပယ်ဖွဲ့စည်းမှုအတတ်ပညာကို တိုးတက်အောင် ပြုခဲ့သည်။ စပါးစိုက်ပျိုးရေးကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးနိုင်၍ ကြီးပွားတိုးတက်ခဲ့သည်။ ပုဂံမြို့သည် ကြီးကျယ်ခမ်းနားသော မြို့တော်ကြီးအဖြစ်သို့ ရောက်ခဲ့သည်။ ပုဂံပြည်သည် မြေ

mgyoe.com

mgyoe.com


ပြန့်ဒေသ၌ ကြီးကျယ်၍ ဦးဆောင်နေသည့် တိုင်းပြည်အဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ တောင်ဘက်အာရှတွင် ဗုဒ္ဓသာသနာတော်ကို စောင့်ထိန်းနိုင်ခဲ့၍ ပုဂံသည် ဗုဒ္ဓဘာသာ၏မြို့တော် ဖြစ်ခဲ့သည်။

ထိုအချိန်ကာလမှသာ မြန်မာ့ယဉ်ကျေးမှု လက္ခဏာသွင်ပြင်သည် ထင်ပေါ်လာတော့သည်။ အိန္ဒိယ ယဉ်ကျေးမှုအသွင်နှင့် ယခင်က ခေတ်ဟောင်းမှ ယဉ်ကျေးမှုများကို ပြုပြင်ပြောင်းလဲ၍ ယူခဲ့သဖြင့် မြေပြန့်ယဉ်ကျေးမှုသည် မြန်မာတို့၏ ယဉ်ကျေးမှုပုံစံအသွင်သို့ ပုံသွင်းပြီးသား ဖြစ်လာလျက် ဧရာဝတီမြစ်ဝှမ်းသည် မြန်မာနိုင်ငံ၏ အသွင်သို့ ကူးပြောင်းမိတော့သတည်း။

❒

mgyoe.com

mgyoe.com

# အခန်း (၄)
# မြန်မာအစ

မြန်မာတို့၏ ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများကို စူးစမ်းရာ၌လည်းကောင်း၊ ထိုယဉ်ကျေးမှုလက္ခဏာရပ်များကို ဝေဖန်စိစစ် အကဲဖြတ်ရာ၌လည်းကောင်း မြန်မာလူမျိုးတို့သည် မည်သည့်အရပ်ဒေသ၌ စတင်ပေါ်ထွန်းပြီး မည်သည့်ခေတ်အခါက သီးသန့်လူမျိုးအဖြစ် ထင်ရှားပေါ်ပေါက်လာခဲ့သနည်း၊ မည်သည့်အချိန်ကာလက မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့သနည်း၊ မည်သည့်လမ်းကြောင်းမှ လာခဲ့၍ မည်သူတို့နှင့် တွေ့ဆုံရင်းနှီးလာခဲ့သနည်း... ဟူသော ပုစ္ဆာများကို ဖြေဆိုရန်အတွက် လိုအပ်သည့်အပြင် ဤကဲ့သို့ ဖွေရှာရရှိသော အချက်အလက်များသည် မြန်မာ့ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ရာတွင် မည်သို့မည်ပုံ အထောက်အပံ့ပြုခဲ့သည်၊ မည်ကဲ့သို့သော ရည်မှန်းချက်ပန်းတိုင်ကို ဦးတည်ခဲ့သည် ဟူသော ပြဿနာကို ကြိုးစားဖြေဆိုရာ၌ များစွာ အဓိက အားကိုး

mgyoe.com

mgyoe.com


စရာများပင် ဖြစ်လေသည်။

## မြန်မာဟူသော ဝေါဟာရ

ကျွန်ုပ်တို့ မြန်မာလူမျိုးတို့သည် မြန်မာဟူသော အမည်နာမကို မည်သည့်အချိန်က ခံယူ၍ အခြားသူများက အသိအမှတ်ပြုခဲ့သနည်း ဟူသော ပြဿနာကို စူးစမ်းရန် လိုအပ်ပေသည်။

မြန်မာဟူသော ဝေါဟာရကို ပထမဦးစွာ အစောဆုံး သက္ကရာဇ် ၄၅၂ (၁၁၉၀) အေဒီ ခုနှစ်၊ ပုဂံမြို့ တောင်ဂူနီကျောက်စာတွင် စတင်တွေ့ရှိရပါသည်။ ထိုသက္ကရာဇ်ထက် အနှစ် ၉၀ ခန့်စောသော ကျန်စစ်မင်းကြီး၏ နန်းတည်မှွန်ကျောက်စာ (၁၁၀၂ – အေဒီ) တွင် မြန်မာကို "မိရမာ" ဟူ၍ ရေးထိုးထားသည်ကို တွေ့ရ၏။ အေဒီ ၁၃၄၂ ခုနှစ်တွင် ရေးထိုးသည့် မြန်မာကျောက်စာတွင် "မြံမာ" ဟူ၍ ရေးထိုးထားသည်ကို အစောဆုံးတွေ့ရ၏။ ထိုနောက် ကျောက်စာများနှင့် မင်စာများတွင် မြန်မာ၊ မြံမာ၊ သို့မဟုတ် မြမ္မာ ဟူ၍ ရေးထိုးလာကြသည်ကို တွေ့ရှိရပြန်သည်။

တရုတ်ရာဇဝင် မှတ်တမ်းများ အလိုအားဖြင့် ရှေးလွန်လေပြီးသော အခါက မြန်မာနိုင်ငံကို "စောပိုး" ဟူ၍ ခေါ်ဆိုကြ၍ တရုတ် ဟန်မင်းများလက်ထက် (ဘီစီ ၂၀၂ – အေဒီ ၂၆၃) တွင် မြန်မာနိုင်ငံကို "ဘန်" ဟု ခေါ်ဆိုလျက် တရုတ် ဟန်မင်းများလက်ထက် (အေဒီ ၆၈၁ – ၉၀၇) တွင် မြန်မာနိုင်ငံကို "ပိယော" (ပျူ) ဟု ခေါ်ဆိုကြသည်။ ဆွန်မင်းများ လက်ထက်တွင် (အေဒီ ၉၆၀) "မိယင်" ဟု ခေါ်ဆိုသည်ဟု သိရှိရပါသည်။ ထိုမင်းတို့လက်ထက်မှ "မိယင်" တို့သည် တရုတ်တို့နှင့် ဆက်ဆံသွားလာမှုများ စတင်ပြုလုပ်ကြသည်ဟု ဆို၏။ "မိယင်" ဆိုသည်မှာ မြန်မာဆိုသော အမည်ကို အဖျားဆွတ်၍ ခေါ်ဆိုရေးမှတ်ခြင်းဖြစ်လိမ့်

mgyoe.com

mgyoe.com



မည်ဟု သုတေသီများက ယူဆကြသည်။ တစ်နည်းအားဖြင့်ဆိုသော် တရုတ်မင်းတို့က အေဒီ ၆၁၈ – ၉၀၇ နှစ်အထိ မြန်မာနိုင်ငံတွင် ပျူကိုသာ အသိအမှတ်ပြုခဲ့သည်။ မြန်မာဟူ၍ ထင်ပေါ်ခြင်း ရှိဟန်မတူသေးပေ။ မြန်မာတို့ကို အသိအမှတ်ပြုလာသည်မှာ အေဒီ ၉၆၀ ခုနှစ်ခန့်မှ အစပြုသည်ဟု ယူဆပါသည်။ မြန်မာ့ရှေးဟောင်းသမိုင်း အဆိုအရလည်း ပုဂံကို သက္ကရာဇ် ၂၁၁ (အေဒီ ၈၄၉) ခုနှစ်တွင် တည်သည်ဟု ဆိုထားသဖြင့် ယုတ္တိရှိသည်ဟု ဆိုရပေမည်။

## မြန်မာဟူသော အဓိပ္ပာယ်

မြန်မာဟူသော ဝေါဟာရသည် မြန်မာလူမျိုးတို့၏ စရိုက်၊ အကျင့် ထူးခြားချက် လက္ခဏာကိုဖော်ပြသည့် ဝေါဟာရဟုတ်မဟုတ် သိရှိရန်။ ၎င်းဝေါဟာရ၏ ရင်းမြစ်အနက်ကို စိစစ်ရန် သင့်ပေ၏။ မည်သည့် အကြောင်းများကြောင့် မြန်မာဟူသော အမည်ကို ရခဲ့ကြပါသနည်း။

မျိုးရိုးဗီဇအားဖြင့် မြန်မာလူမျိုးသည် တိဗက် – တရုတ်ဘာသာစကား အနွယ်ကြီး၏ အနွယ်တစ်ခုဖြစ်သည့် တိဗက် – မြန်မာ အနွယ်ဝင် လူမျိုးစုဖြစ်၏။ မြန်မာလူမျိုးတို့သည် နက်ကျော၍ သွယ်ဖြောင့်သော ဆံပင်နှင့် ဝါသော အသားအရောင်ရှိသည့် မွန်ဂိုလွိုက်များ ဖြစ်ကြ၏။

ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၌ ရေးထိုးကြသည့် ကျောက်စာအားလုံး၌ပင် "မြန်မာ" ဟူသော အရေးအသားကို တွေ့ရပြီး အနည်းငယ်မျှသော အင်းဝနှင့် ကုန်းဘောင်ခေတ်တွင် ရေးထိုးကြသည့် ကျောက်စာများ၌သာ မြံမာ၊ မြမ္မာ ဟူသော အရေးအသားများ တွေ့ရှိရပါသည်။ သို့ဖြစ်သောကြောင့် "မြန်မာ" ဟူသော အခေါ်အဝေါ်သည်သာ ပုဒ်ရင်းဖြစ်ပေသည်။

အချို့ပညာရှင်များက မြန်မာဆိုသည်တွင် "မြန်" ပုဒ်ကို လျင်မြန်၊

mgyoe.com

mgyoe.com


မြန်ဆန်သည်ဟူသော အနက်ကိုယူပြီး "မာ" ပုဒ်ကို လွန်ကဲ၊ ကြီးမား ဟူသော အနက်ကောက်၍ မြန်မာဟူသည် လွန်စွာလျင်မြန်သူဟူ၍ အဓိပ္ပာယ်ပေးလေသည်။ သို့ဖြစ်၍ ရှေးကမြန်မာတို့သည် အလွန်လျင်မြန်စွာ လှုပ်ရှားသွားလာ လုပ်ကိုင်ပြုကျင့်သူတွေ ဖြစ်ကြသည်။ ထိုနောက် အလွန်လျင်မြန်စွာပင် တိုးတက်ကြီးပွားခဲ့သည်ဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။

အချို့သုတေသီများကမူ မြန်မာတို့သည် ရှေးအခါက အလွန်လျင်မြန်စွာ လှုပ်ရှားသွားလာ လုပ်ကိုင်ဆောင်ရွက်လေ့ရှိသည်မှာ မြင်းကိုစီးလေ့ရှိခြင်း၊ မြင်းစီးအတတ်၌ ကျွမ်းကျင်ခြင်း၊ မြင်းစီး၍ လှုပ်ရှားသွားလာ တိုက်ခိုက်လေ့ရှိခြင်းကြောင့် မြန်မာခေါ်သည်ဟု ယူဆကြပါသည်။ မြန်မာတွင် "မြန်" ပုဒ်ကို "မြင်း" ဟူ၍ အနက်ယူဆလိုကြ၏။ "မာ" ပုဒ်ကို ကြီးမားလွန်ကဲသောဟု ယူဆလျက် မြန်မာ၏အနက်သည် "မြင်းစီးကြီး" ဟု ပေါ်ထွက်လာသည်။

## မြန်မာအစ

မြန်မာအစဟူသော ပြဿနာနှင့်ပတ်သက်၍ ဝိဝါဒ ကွဲပြားနေကြ၏။ အထူးသဖြင့် အယူအဆနှစ်မျိုး ဖြစ်နေသေးသည်။

မြန်မာတို့ကို ခရစ်တော်မပေါ်မီ အနှစ် ၂၀၀၀ ခန့်တွင် "ချီအင်" လူမျိုးဟု ခေါ်တွင်ခဲ့ကြသည်ဟု တရုတ်တို့ ရာဇဝင်မှတ်တမ်းများအရ သိရှိရလေသည်။ ၎င်းတို့၏ ဇာတိချက်ကြွေဒေသသည် တရုတ်ပြည်ကြီး၏ အနောက်ဘက်၊ တိဗက်ပြည်၏ အရှေ့ဘက်ဟု အချို့က အကြမ်းဖျင်း ဖော်ပြကြသည်။

အချို့က တိဗက်ပြည်၏ အရှေ့ဘက်ရှိ ကိုကိုနော် အိုင်ကြီးတစ်ဝိုက်ဖြစ်သည်ဟု ယူဆ၏။ အချို့သုတေသီများက တရုတ်ပြည်၏

mgyoe.com

mgyoe.com



အနောက်ဘက် "ကန်စု" နယ်အတွင်း၌ ကျရောက်သည်ဟု ဆိုကြသည်။ ထိုအယူအဆများမှာ ခေတ်သမိုင်းသုတေသီများ၏ ယူဆချက်များဖြစ်၏။

ထိုယူဆချက်များအပြင် မြန်မာပညာရှိအချို့က ရှေးဟောင်း မြန်မာ ရာဇဝင် အဆိုအမိန့်များနှင့် ဘာသာစကားကို အထောက်အထားပြု၍ မြန်မာတို့၏ ဇာတိချက်ကြွေ၌ာနသည် ဟိုအင်ဟိုမြစ်ကြီး၏ မြစ်ဖျား အရပ် ကန်စုနယ်၏ အနောက်ဘက်၊ ကိုကိုနော် အိုင်ဝှမ်း၏ တောင်ဘက်၊ ဗဟာန်ခရ တောင်တန်းကြီး၏ မြောက်ဘက်ဖြစ်သည်ဟု အတိအကျ ညွှန်းဆိုထားကြပေသည်။

ဤအရပ်ဒေသ၌ တိဗက် – ချိအင်နှင့် ရှေးမြန်မာတို့သည် သမိုင်း ခေတ်မတိုင်မီ ရှေးပဝေသဏီကပင် အတူတကွ နေထိုင်ခဲ့ကြသည်ဟု ဆို၏။

ထို ဟိုအင်ဟို မြစ်ဖျားဒေသနှင့် မြန်မာပြည် မြောက်ပိုင်းဒေသ သည် မိုင်ပေါင်း ၁၀၀၀ ခန့်သာ ကွာဝေးမည်ဟု ခန့်မှန်းကြ၏။

ဤသို့ တလုံးတစည်းတည်း နေထိုင်လျက်ရှိသော ချိအင်၊ တိဗက်၊ ရှေးမြန်မာတို့မှ တစ်စုသည် အနောက်တောင်ဘက်ရှိ တိဗက်ကုန်းမြေ မြင့်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရာ တိဗက်လူမျိုးများ ဖြစ်လာခဲ့သည်။ အခြား တစ်စုသည် တောင်စူးစူးသို့ ဆင်းသက်လာခဲ့ပြီးနောက် ဧရာဝတီမြစ်ဝှမ်း သို့ ရောက်ရှိခဲ့ရာ မြန်မာလူမျိုးများ ဖြစ်လာခဲ့၏။ ထိုအရင်းခံ တိဗက်– မြန်မာလူမျိုးကြီးမှပင် အခြားအစုငယ်များသည် မြန်မာတို့နည်းတူ တောင်ဘက်သို့ တစ်သုတ်ပြီးတစ်သုတ် ဆင်းသက်လာခဲ့ရာ ယခုအခါ မြန်မာတို့၏ နောက်ကြောင်းတွင် မရူ၊ မုဆိုး၊ လီဆူ၊ အဇီ၊ လရှီ၊ ယီ စသော လူမျိုးငယ်များအဖြစ်ဖြင့် မြန်မာပြည်၏ အရှေ့မြောက်ပိုင်းနှင့် ယူနန်ပြည်၊ ဇီချွန်ပြည် အနောက်ပိုင်းတို့တွင် နေထိုင်လျက်ရှိကြ၏။

မြန်မာတို့နှင့် မရှေးမနှောင်းလောက်ပင် တောင်ဘက်သို့ ဆင်းသက်

mgyoe.com

mgyoe.com



လာခဲ့၍ မြန်မာတို့လာရာလမ်းကြောင်းမှ အနောက်ဘက်သို့ ယိမ်းသွားပြီးလျှင် မြန်မာပြည်တွင်းသို့ အနောက်မြောက်မှ ဝင်ရောက်လာသူတို့မှာ ချင်းလူမျိုး၊ ကုကီလူမျိုး၊ နာဂ၊ ဂျင်းဖော (ဝါ) ကချင်လူမျိုးများ ဖြစ်သည်ဟု ဆို၏။

ချီအင်လူမျိုးတို့မှာကား ရှေးတိဗက်မြန်မာတို့ နေထိုင်ခဲ့ကြသည့် ဒေသတစ်ဝိုက်တွင်ပင် လှည့်လည်နေထိုင်ပြီး တရုတ်တို့ကို ဝင်တိုက်လိုက်၊ တရုတ်တို့၏ အတိုက်အခိုက်ကို ခံလိုက်နှင့်ပင် ထိုဒေသ၌ ကျန်ရစ်ခဲ့လေသည်။

ထိုခေတ် ထိုကာလက မြန်မာ – တိဗက် လူမျိုးစု အပါအဝင်ဖြစ်သော ချီအင်လူမျိုးတို့သည် အနောက်ဘက် ကိုကိုနော် အိုင်ကြီးတစ်ဝိုက်မှ အရှေ့ဘက် ကန်စုနယ်တွင်းအထိ မြောက်ဘက်မှာမူ "မာချူမြစ်ကြီး" မှ တောင်ဘက် "ဇီချွအန်နယ်" အတွင်းတွင် ပျံ့နှံ့နေထိုင်ကြသည်။ ၎င်းတို့၏ ယဉ်ကျေးမှုအခြေအနေမှာမူ ၎င်းတို့သည် ကောက်ပဲသီးနှံများကို နည်းနည်းကျဉ်းကျဉ်းသာ စိုက်ပျိုးလျက် အများအားဖြင့် သိုး၊ ဆိတ်များကိုသာ မွေးမြူထိန်းကျောင်းခြင်းဖြင့်သာ အသက်မွေးနေသူတွေဖြစ်ကြောင်း သိရှိရ၏။

ခေတ်သုတေသီများကမူ ရှေးမြန်မာတို့၏ ဘီစီ ၂၀၀၀ ခန့်ဟု ခန့်မှန်းထားသော ကျောက်ခေတ်နှောင်း ယဉ်ကျေးမှုသည် အတော်အတန် အဆင့်အတန်းမြင့်နေသည်ဟု ဆို၏။ ၎င်းတို့၏ အပြောက်အမွမ်းပါသော အိုးတို့သည် အံ့ဖွယ်ရာ လက်ရာများဖြစ်သည်ဟု အကဲဖြတ်ကြ၏။

ရှေးမြန်မာတို့သည် "ချီအင်" များနှင့်အတူ နေထိုင်ကြစဉ်က သိုးထိန်း၊ ဆိတ်ထိန်းများ ဖြစ်ကြ၏။ ထိုနောက် တရုတ်တို့က လာရောက်နှောင့်ယှက် တိုက်ခိုက်ကြသောကြောင့် တိမ်းရှောင်ခဲ့ရာမှ တိဗက်၏ အရှေ့မြောက် မြစ်ဝါမြစ်ဖျားခံရာအရပ်နှင့် ကိုကိုနော်တစ်ဝိုက်သို့ ရောက်ရှိ

mgyoe.com

mgyoe.com


လာခဲ့၏။ ထိုနေရာမှတစ်ဖန် တရုတ်ရန်ကိုကြောက်၍ ထွက်ပြေးတိမ်းရှောင်ရပြန်ရာ တိဗက်နှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသအတွင်းသို့ ရောက်လာခဲ့ကြ၏။ ဤကဲ့သို့ ပြေးလွှားတိမ်းရှောင် ရပ်နားကွန်းခိုနေကြရာ မိမိတို့ရောက်ရှိသော ဒေသအရပ်အလိုက် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်အကိုင်အမျိုးမျိုး ပြောင်းလဲလုပ်ကိုင်ကြသည်မှာ သိုးထိန်း၊ ဆိတ်ထိန်းဘဝမှ နွားထိန်း၊ မြင်းထိန်းဘဝသို့ ရောက်ခဲ့ရ၏။

ပြေးလွှားတိမ်းရှောင်ရင်းဖြင့် ယူနန်နယ်၊ သံလွင် မဲခေါင်ကြားဒေသသို့ ရောက်ရှိလာခဲ့သည့်အခါတွင် သူတို့သည် အကျော်ကြားဆုံးမြင်းများကို မွေးမြူသူများအဖြစ် ထင်ပေါ်လာခဲ့သေးသည်။ ၎င်းတို့သည်လည်း မြင်းစီးကျွမ်းကျင်သူများအဖြစ် ထင်ရှားလာ၏။ ပိုးစာရိုင်းအပင်၏ အသားနှင့် အကောင်းဆုံးလေး လုပ်တတ်သည်။ စစ်ရေးစစ်ရာ၌လည်း အထူးကျွမ်းကျင်သူတွေ ဖြစ်လာခဲ့သည်။

## မြန်မာတို့ဆင်းသက်လာရာ လမ်းကြောင်းနှင့် ကာလ

ရှေးမြန်မာတို့သည် မည်သည့်အချိန်တွင် မည်သို့သော အကြောင်းကြောင့် မိမိတို့ ဇာတိချက်ကြွေဒေသမှ တောင်ဘက်သို့ ဆင်းလာကြပါသနည်း။ ဤပုစ္ဆာကို ပညာရှင်တို့က အဖြေအမျိုးမျိုး ပေးခဲ့ကြသည်။

ခေတ်သမိုင်းသုတေသီတို့၏ အယူအဆအရဆိုလျှင် ရှေးမြန်မာတို့သည် မိမိတို့ ဇာတိချက်ကြွေဒေသ၌ သိုးထိန်း၊ ဆိတ်ထိန်းများအဖြစ် စားသောက်နေထိုင်ကြရာမှ တရုတ်တို့၏ တိုက်ခိုက်သတ်ဖြတ်မှုကြောင့် တိမ်းရှောင်ထွက်ပြေးခဲ့ရာ ကိုကိုနော် အိုင်ကြီးတစ်ဝိုက်သို့ ရောက်ခဲ့၏။ ထိုမှတစ်ဖန် တရုတ်များ၏ ရန်ကြောင့်ပင် ဆက်လက်၍ ပြေးကြပြန်ရာ တရုတ်ပြည်အနောက်ပိုင်းနှင့် တိဗက်အရှေ့ပိုင်းအကြား တောတောင်များ၌ လှည့်လည်နေခဲ့ရ၏။ ထိုမှတစ်ဖန် ဆက်လက်ရွှေ့ပြောင်းခဲ့ရာ

mgyoe.com

mgyoe.com



မြန်မာနိုင်ငံတွင်းသို့ ရောက်လာသည်အထိ ပြေးလွှားရှောင်တိမ်းနေရသည်မှာ နားကွက်ပင် မရကြရှာဟု ဆို၏။ မြန်မာပြည်အတွင်းသို့မူ မေခမြစ်ဝှမ်းများအတိုင်း ဝင်ရောက်လာဟန်ရှိသည်ဟု ဆိုကြ၏။ ၎င်းတို့အထဲမှ အချို့သည် အေဒီ ၇၁၃ ခု မတိုင်မီကပင် မြောက်ပိုင်း ရှမ်းပြည်တွင်းသို့ ဝင်မိကြပြီဟု ဆိုကြ၏။

၎င်းခေတ် သုတေသီများ အဆိုအရပင် မြန်မာတို့သည် အေဒီ ၇၀၀ ခု၊ ကောဇာသက္ကရာဇ် ၁၀၀ ခုခန့်တွင်မှ ရှေးက နန်းစောခေါ်ဝေါ်သည့် ယူနန်နယ်အတွင်းမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့၏။ မြန်မာပြည်တွင်းသို့ အရှေ့မြောက်ဘက်မှ ချဉ်းကပ်လာရာတွင် မြန်မာနိုင်ငံမြောက်ပိုင်း ဧရာဝတီမြစ်ညာကို ကတူးလူမျိုးများက သိမ်းပိုက်ထားမိနေသောကြောင့် ဧရာဝတီမြစ်ဝှမ်းဒေသသို့ ဆင်းသက်လာခြင်း မပြုတော့ဘဲ အရှေ့ရိုးမတောင်ကြီးကို ကျော်လွှားပြီး ရှမ်းပြည်လောက်ဆောက်နှင့် ရေငန်အရပ်သို့ရောက်မှ နတ်ထိပ်တောင်ကြားကို ဖြတ်၍ ကျောက်ဆည်နယ်တွင်းသို့ ဝင်ခဲ့ကြသည်ဟု ဆိုကြ၏။

အခြားသမိုင်းသုတေသီများကမူ မြန်မာတို့ ဆင်းသက်ဝင်ရောက်လာသည့် လမ်းမှာ "ဗိချူအန်" နှင့် ယူနန်နယ် အနောက်ပိုင်းရှိ အများအားဖြင့် တောင်နှင့်မြောက် တန်းလျက်ရှိသော တောင်တန်းကြီးများနှင့် ထိုတောင်တန်းကြီးများ၏ စပ်ကြား ကျဉ်းမြောင်းသော လျှိုမြောင်များအတွင်း စီးဆင်းနေသော မြစ်စဉ်ကြောများအလိုက် ဆင်းခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ အနီးဆုံးနှင့် အလွယ်ဆုံးသော တပိန်မြစ်ကြောင်းလမ်းဖြစ်သည်ဟု ညွှန်းဆိုကြသည်။ ဤကဲ့သို့ ရွှေ့ပြောင်းလာရာ ဧရာဝတီမြစ်ညာ မြစ်ဝှမ်းအရပ်သို့ ဆင်းသက်ဝင်ရောက်လာပြီးနောက် ဧရာဝတီမြစ်စဉ် မြစ်ရိုးတစ်လျှောက် တရွေ့ရွေ့ စုန်ဆင်းပြောင်းရွှေ့ မြို့ရွာပြုစုနေထိုင်သွားကြသည်ဟု ယူဆ၏။ ဧရာဝတီမြစ်ဝှမ်းအတွင်း စုန်ဆင်း

mgyoe.com

mgyoe.com



လာပြီးမှသာလျှင် အနောက်ဘက် မူးမြစ်၊ ချင်းတွင်းမြစ်ဝှမ်းနှင့် အနောက် ရိုးမတောင်တန်းများဆီသို့လည်းကောင်း၊ အရှေ့ဘက် မြစ်ငယ်၊ ဇော်ဂျီ၊ စမုန်၊ စစ်တောင်း စသော မြစ်ဝှမ်းနှင့် ရှမ်းရိုးမတောင်တန်းဆီသို့လည်း ကောင်း ကူးစက်ပျံ့နှံ့သွားလေ၏။

ဤအယူအဆနှစ်မျိုးသည် ယခုထက်တိုင် မပြေလည်သေးသော ပြဿနာဖြစ်သည်။ သို့ရာတွင် အထောက်အထားများကို လေ့လာစူးစမ်း ရာ၌ မပြည့်စုံသေးသဖြင့် တစ်စုံတစ်ရာ တိကျသောအဖြေကိုပေးရန် မလွယ်ကူလှသေးပေ။ ရှေးဟောင်းသုတေသနဌာနမှ ခေတ်ဦးသုတေသီ များနှင့် ရာဇဝင်ဆရာကြီးများ ရေးသားထားချက်အရ နေရာအနှံ့ စုံစုံ လင်လင် တူးဖော်ပြီးမှသာ တိကျစွာ အဆုံးအဖြတ် ပေးနိုင်လိမ့်မည် ဖြစ်၏။

## မြန်မာတို့ ဆင်းသက်ဆိုက်ရောက်ချိန်

ခေတ်သမိုင်းသုတေသီများက မြန်မာတို့သည် အာရှတိုက်အလယ် ပိုင်းမှ မည်သည့်ခေတ်ကာလတွင် ထွက်ခွာဆင်းသက်လာသည်ဟု အဆို မရှိသော်လည်း မြန်မာနိုင်ငံ ကျောက်ဆည်နယ်အတွင်းသို့ အရှေ့ဘက် ရှမ်းကုန်းပြင်မြင့်မှ ခရစ်နှစ် ၉ ရာစု၊ ၁၀ ရာစုခန့်တွင် ဆင်းသက်ဝင် ရောက်လာသည်ဟု မိန့်ဆိုကြ၏။ ၎င်းတို့၏ အကြောင်းပြချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ခရစ်သက္ကရာဇ် ၈၃၂ – ၈၃၅ ခုနှစ်ခန့်မှစ၍ မြန်မာပြည်တွင်းရှိ ပျူနယ်ကလေးများနှင့် မွန်နယ်ကလေးအချို့ကို နန်းစောလက်အောက်ခံ လူမျိုးစုများက လွှမ်းမိုးနေသော အချိန်ဖြစ်၏။ ထိုအချိန်ကာလသည် မြန်မာတို့ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာသော အချိန်ဟု သတ်မှတ် ကြ၏။ တန်မင်းဆက် ရာဇဝင်ဆရာတို့က ထိုအကြောင်းကို သီးသန့်

mgyoe.com

mgyoe.com


ဖော်ပြခြင်း မပြုခဲ့ပေ။ သို့ရာတွင် ယွင်ချင်မြို့၏ တောင်ဘက်စူးစူး သိန္ဓိ သို့မဟုတ် သီပေါနယ်အတွင်းသို့ ရောက်ရှိနေသော "မင်း" ဟု ခေါ်သော လူမျိုးစုတွင် မြန်မာတို့ပါဝင်ဟန် လက္ခဏာရှိသည်ဟု ယူဆကြသည်။ ထိုလူမျိုးစုကို မင်းဟု ခေါ်ဆိုခြင်းမှာ သူတို့သည် ၎င်းတို့၏ ဘုရင်များကို "မင်း" (ဝါ) "မင်းစော" ဟု ခေါ်ကြခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။ ထိုလူမျိုးစုကို နန်းစောက အနည်းငယ်နောက်ကျစွာ ခရစ်သက္ကရာဇ် ၇၄၉ ခုလောက်မှ နှိမ်နင်းအောင်မြင်ခဲ့ပြီး ထိုသူတို့အကြောင်းကို ၎င်းတို့ထက် မြောက်ဘက်ကျသော လူမျိုးစုတို့လောက် နောက်ထပ် မကြားရတော့ချေ။ မြန်မာလူမျိုးစုများကို တရုတ်တို့က ဖော်ပြခြင်းမပြုသည်ကို ထောက်ချင့်၍ သူတို့သည် တောင်ဘက်ဆုံးသို့ ဆိုက်ရောက်နေဟန်တူသောကြောင့်ဟု ယူဆကြ၏။ ၎င်းတို့အပေါ်တွင် နန်းစော၏ တန်ခိုးသြဇာများသည် နက်နက်နဲနဲ လွှမ်းမိုးမည်ဟု ယုံကြည်ကြ၏။ ဤအချက်နှင့် အခြားအကြောင်းတို့ကြောင့် မြန်မာတို့သည် မြန်မာပြည်အလယ်ပိုင်းရှိ လွင်ပြင်များအတွင်းသို့ မြောက်ဘက်မှမဟုတ်ဘဲ အရှေ့ဘက်မှ သို့မဟုတ် အရှေ့မြောက်မှ ၉ ရာစု၊ ၁၀ ရာစုအတွင်း ဝင်ရောက်လာသည်ဟု ယုံကြည်ကြခြင်း ဖြစ်လေသည်။

ရာဇဝင်ပါမောက္ခ ဒီဂျီ၊ ဟောက ဤကိစ္စနှင့်ပတ်သက်၍ "ခရစ်တော်မပေါ်မီ အနှစ် ၁၀၀၀ ကျော်ကျော်လောက်တွင် ချီအင်လူမျိုးများသည် ယင်းတို့၏ ဒေသတစ်လျှောက်တွင် ပိုမိုလှုပ်ရှား ထကြွနေသဖြင့် သွားရောက်နှိမ်နင်းရကြောင်း တရုတ်တို့ ရာဇဝင်မှတ်တမ်းများတွင် အထပ်ထပ် ဖော်ပြလျက်ရှိသည်။ ထို ဘီစီ ၁၀၀၀ ကျော်လောက်တွင် လှုပ်ရှားထကြွနေသော ချီအင်လူမျိုးတို့သည်ပင် တရုတ်တို့က လိုက်လံနှိမ်နင်းသဖြင့် တောင်ဘက်သို့ ထွက်ပြေးကြရာ ယင်းတို့ကို ကျွန်ုပ်တို့ မျက်ခြည်ပြတ်သွားပြီးလျှင် နှစ်ပေါင်းအတော်ကြာမှ နန်းစောလက်

mgyoe.com

mgyoe.com


အောက်ခံ "မင်" လူမျိုးစုတွင် သူတို့ကို တွေ့ရပြီးနောက် နန်းစောလက်အောက်မှ တစ်ဖန်လွတ်မြောက်ရန် မြန်မာပြည် မြေပြန့်အရပ်တို့သို့ မေခနှင့် သံလွင်မြစ်ဖျားများ စပ်ကြားလောက်မှ ယင်းတို့ သက်ဆင်းဝင်ရောက်သွားသည်" ဟု ရေးသားခဲ့လေသည်။

အချို့ပညာရှင်များကမူ ဤအယူအဆကို လက်မခံလိုကြပေ။ ဤအယူအဆတွင် မှီငြမ်းပြုထားသည့် အကြောင်းပြချက်များမှာ မခိုင်လုံ။ မြန်မာတို့၏ ရှေးဟောင်းသမိုင်းအဆိုများကို မစူးစမ်းဘဲ ပစ်ပယ်ထားသည်ဟု ဆိုကြလေသည်။ ထိုပညာရှိများ၏ အယူအဆမှာမူ မြန်မာတို့သည် အနှစ် ၁၀၀၀ ကျော်လောက်က မိမိတို့ ဇာတိချက်ကြွေဒေသမှ တရုတ်တို့၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာကြရာတွင် ၎င်းတို့၏ ဒေသဖြစ်သည့် ဟိုအင်ဟို မြစ်ဖျားဒေသနှင့် မြန်မာပြည်မြောက်ပိုင်းမှာ မိုင် ၁၀၀၀ ကျော်သာလျှင် ကွာဝေးသဖြင့် ပျူတို့နှင့် မရှေးမနှောင်းသော်လည်းကောင်း၊ အတူတကွသော်လည်းကောင်း မရောက်နိုင်စရာမရှိဟု ယူဆကြ၏။ သို့ကြောင့် မြန်မာတို့၏ ရှေးဟောင်းရာဇဝင်တွက်ချက်မှာ ယုတ္တိရှိပေသည်ဟု ယူဆ၏။ ဤယူဆချက်နှင့် စပ်လျဉ်း၍ ဤအယူအဆကို ထောက်ခံသည့် တိဗက်ရာဇဝင်ကျမ်းများကို ကိုးကားကြပေသည်။

မည်သို့ဆိုစေ မြန်မာဟူ၍ သီးသန့်လူမျိုးများအဖြစ် ထင်ပေါ်လာသည်မှာကား သက္ကရာဇ် ၉ ရာစုခန့်မှသာ ဖြစ်လေသည်။ ထိုကာလမတိုင်မီက မြန်မာတို့သည် ပျူတို့နှင့် ရောနှောနေသည်ဟု ယူဆစရာဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com

## အခန်း (၅)
## မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်များ

မြန်မာတို့ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာကာ အတည်တကျ နေထိုင်ကြမိသည့် အချိန်တွင် ၎င်းတို့၌ ပြောပလောက်သော ယဉ်ကျေးမှု အဆင့်အတန်း သီးသန့်ရှိသေးဟန် မတူပေ။ နုနယ်ပျိုမျစ်သေးသည့် လူမျိုးတစ်ရပ်အနေဖြင့် တက်ကြွလျက် ယဉ်ကျေးမှုပျိုးထောင်ရန် အားယူနေဟန်တူလေသည်။ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် သီးသန့်ဟန် သွင်ပြင်လက္ခဏာများနှင့် ပုံပန်းသဏ္ဌာန် မပေါ်ပေါက်သေးပေ။

ထိုအချိန်ကာလတွင် မြန်မာပြည်တွင်း၌ ပျူနှင့် မွန်လူမျိုးတို့သည် တိုင်းပြည်ငယ်များ တည်ထောင်လျက် ယဉ်ကျေးမှု အဆောက်အအုံကြီးများကို အခြေခံ ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပြီးကြပြီ ဖြစ်လေသည်။ ထို ပျူနှင့် မွန်တို့၏ ဩဇာသည် ယဉ်ကျေးမှု ခံ့ခံ့ခိုင်ခိုင် မရှိသေးသော မြန်မာတို့အပေါ်၌ ဩဇာလွှမ်းမိုးလာသည်မှာ သဘာဝကျပေသည်။ မြန်မာတို့သည် မိမိတို့ပတ်ဝန်းကျင်ကို မှီခိုအားပြု၍ မိမိတို့၏ ယဉ်ကျေး

mgyoe.com

mgyoe.com


မှုကို ပြုစုပျိုးထောင်ရပေသည်။ စင်စစ်အားဖြင့် မြန်မာတို့သည် ပျူနှင့် မွန်တို့၏ ယဉ်ကျေးမှုကို အခြေခံအုတ်မြစ်သဖွယ်ထား၍ မိမိတို့၏ ယဉ်ကျေးမှုအဆောက်အအုံကို ပြုစုပျိုးထောင်မှု ပြုခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ၎င်းတို့အားပြု၍ အခြေခံထားသော ယဉ်ကျေးမှုကြီးများကို လေ့လာဆန်းစစ် ကြည့်ရှုခြင်းအားဖြင့် မြန်မာတို့သည် မိမိတို့၏ ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ရာ၌ မည်မျှ ပျူနှင့်မွန်တို့ ကျေးဇူးမကင်းသည်ကို သိသာနိုင်ပေလိမ့်မည်။ ပျူနှင့်မွန်တို့ ယဉ်ကျေးမှုများကို မလေ့လာ မစူးစမ်းဘဲ မြန်မာ့ယဉ်ကျေးမှုသဘောကို မသိနိုင်၊ မြန်မာတို့၏ တီထွင်ဖန်တီးမှု၊ မြန်မာမှုပြုသည့် စွမ်းအင်ကို မရိပ်စားမိနိုင်ပေ။ မွန်ယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှု အနေအထားကို သိသာရန် မွန်ယဉ်ကျေးမှုကို ပထမဦးစွာ လေ့လာကြည့်ရှုရန် လိုအပ်ပေသည်။

မွန်လူမျိုးများသည် မြန်မာပြည်တွင် ခိုင်ခံ့သော ယဉ်ကျေးမှုကို ရှေးဦးစွာ အခြေချခဲ့သူများဟု ဆိုရပေမည်။ မွန်တို့သည် မြန်မာပြည်တွင်းသို့ မည်သည့်အချိန်ကစ၍ ရောက်ရှိလာသည်ကိုမူ အတိအကျပြောဆိုရန် ခဲယဉ်းပေသည်။ သုတေသီအချို့၏ အယူအဆမှာ မွန်တို့သည် မြန်မာနိုင်ငံတွင်းသို့ ပျူများနှင့် မရှေးမနှောင်း ရောက်လာသူများဖြစ်သည်။ ပျူများက မြန်မာပြည်အထက်ပိုင်း၌ နေရာယူ၍ ပြည်နယ်များတည်ထောင်နေစဉ် မွန်တို့က မြန်မာပြည်တောင်ပိုင်းတွင် အခြေတကျ နေရာယူထားကြလေသည်။

မြန်မာပြည်တောင်ပိုင်းသို့ ရောက်လာကြသော မွန်တို့သည် သထုံမြို့တည်ရာ ဒေသသို့ ရောက်လာကြပြီး "သုဓမ္မဝတီ" ကို တည်ထောင်ကြ၏။ ထိုသုဓမ္မဝတီမှာ ယခု ကေလာသတောင် ဟုခေါ်သည့် တောင်ခြေရင်းတွင် ရှိသည်ဟု သုတေသီများက ယူဆကြ၏။ ယခုထက်တိုင် "အရက်သည်မ" ရွာဟု ခေါ်တွင်သော နေရာ၌ ရှေးမြို့ဟောင်းရာနှင့်

mgyoe.com

mgyoe.com


မြို့ရိုးကြီးများ တွေ့နိုင်ပေသည်။ သုဓမ္မဝတီ မြို့ဟောင်းနေရာ၌ ယခု အခါတွင် နန်းတော်ဦးစေတီနှင့် မြသိန်းတန်စေတီတို့သာ ကြွင်းကျန် တည်ရှိသေးသည်။

မွန်လူမျိုးတို့သည် မည်သည့်အရပ်ဒေသမှ ထွက်ခွာလာကြကြောင်း ကို တိတိကျကျ မည်သူမျှ ဖော်ပြနိုင်ခြင်း မရှိခဲ့သေးပေ။ အချို့ သမိုင်း ကဝိတို့က မွန်ဂိုလီးယားပြည်မှလည်းကောင်း၊ အချို့က တရုတ်နိုင်ငံ အရှေ့တောင်ပိုင်း တုန်ကင်လွင်ပြင်မှလည်းကောင်း ထွက်ခွာလာကြ သည်ဟု အဆိုပြုကြလေသည်။

မွန်ခမာအနွယ်ဝင် မွန်လူမျိုးစုတို့သည် မိမိတို့၏ မူလဒေသမှ လူစုခွဲ၍ ရေကြည်ရာ မြက်နုရာသို့ သွားရောက်ကြသည်မှာ ခရစ်တော် မပေါ်မီ အနှစ် ၁၀၀၀ ခန့်ကဟု ခန့်မှန်းကြ၏။ ၎င်းတို့သည် အောက် မြန်မာနိုင်ငံ ရက္ခတို့ကို နှိမ်နင်းပြီး အခြေစိုက်နိုင်ခဲ့ကြသည်မှာ ဘီစီ ၂၀၀၀ ခန့်ကပင် ဖြစ်သော်လည်း မွန်တို့သည် မြန်မာနိုင်ငံ၏ အရှေ့ တောင်၌သာ အနေများကြသည်။ စင်စစ်အားဖြင့် ယခု ထိုင်းနိုင်ငံသည် မွန်တို့၏ အချက်အချာ ဒေသဖြစ်၏။ မြန်မာနိုင်ငံတွင်းသို့ မွန်တို့စတင် ဝင်ရောက်နေထိုင်မိလျှင် မြန်မာနိုင်ငံတွင်းရှိ အခြားသော လူမျိုးစုတို့ အပေါ်၌ မွန်ယဉ်ကျေးမှုသည် မကြာမီ ပျံ့နှံ့လာတော့သည်။ မွန်တို့သည် ဆန်စပါးကို မိုးရေသောက်လယ်နှင့် အကြီးအကျယ် စိုက်ပျိုးနည်းကို တတ်ကျွမ်းသူများဖြစ်ပြီး ဤပညာရပ်တွင် သူတို့သည် ဆရာများပင် ဖြစ်၏။

မွန်တို့ မြန်မာနိုင်ငံ၌ အခြေတကျ နေထိုင်ကြသည့် ကာလတွင် အိန္ဒိယပြည်မှ အိန္ဒိယတိုင်းရင်းသားတို့သည် အရှေ့တောင်အာရှသို့ ဝင် ရောက်သွားလာပြီး ပြည်နယ်များ တည်ထောင်နေကြပြီးဖြစ်သောကြောင့် အိန္ဒိယတိုင်းရင်းသားတို့နှင့် မွန်တို့သည် ရင်းနှီးစွာ ဆက်ဆံမှုများ ပြုလုပ်

mgyoe.com

mgyoe.com


နေကြပြီ ဖြစ်လေသည်။ မွန်တို့နှင့် ဆက်ဆံမှု ပိုမိုများပြားသည့်သူများမှာ အိန္ဒိယကျွန်းဆွယ်၏ အရှေ့ကမ်းခြေဒေသရှိ ကာလိင်္ဂ၊ တေလင်္ဂန၊ အန္ဓရ စသောနိုင်ငံများမှ တိုင်းရင်းသားများ ဖြစ်ကြ၏။

မွန်တို့သည် အိန္ဒိယတိုင်းရင်းသားများနှင့် ဆက်ဆံမှုရှိလာသည့် အချိန်တွင် မိမိတို့၌လည်း ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိကြသည်။ အိန္ဒိယ တိုင်းရင်းသားများ ရောက်ရှိလာသည့်အခါတွင်လည်း ထိုအိန္ဒိယတိုင်းရင်း သားတို့၏ ယဉ်ကျေးမှုအရပ်ရပ်ကို ဆက်ခံယူလိုက်ကြသည်။

အထူးသဖြင့် ပါလဝါလူမျိုး၊ ကလိင်္ဂလူမျိုးနှင့် အန္ဓရလူမျိုးတို့ သည် ဟိန္ဒူအယူဝါဒကို သက်ဝင်ယုံကြည်၍ ကိုယ်ပိုင်စာရေးသားခြင်း အတတ်နှင့် အနုပညာများ ရှိပြီးကြသူတွေ ဖြစ်သည်။ ၎င်းတို့ထံမှ ဟိန္ဒူ ဘာသာရေးရာ အယူဝါဒများ၊ စာရေးသားသည့် အတတ်ပညာ၊ နေထိုင် ဝတ်ဆင်မှု၊ ဆက်ဆံမှုများ စသော အလေ့အထများကို နည်းနာခံယူကာ မိမိတို့ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဆီလျော်အောင် ပြုပြင်ဖန်တီး လက်ခံကျင့်သုံးခြင်းဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပုံစံအသွင်သို့ ပြောင်းလဲယူလိုက်ကြ၏။

အထူးသဖြင့် အိန္ဒိယတိုင်းရင်းသားများထံမှ ဗိသုကာအတတ်၊ နက္ခတ်ဗေဒင်ပညာ၊ ဆေးပညာ၊ ကဗျာလင်္ကာအတတ်၊ ပန်းချီအတတ် စသည်တို့ကို ရရှိကြသည်။ ထိုအတတ်ပညာများ၌ အိန္ဒိယတိုင်းရင်းသား တို့သည် အဆင့်အတန်း မြင့်မြင့်ပင် တတ်ကျွမ်းနေသူတွေ ဖြစ်ကြ၏။

မွန်တို့သည် အစကနဦး အိန္ဒိယတိုင်းရင်းသားတို့နှင့် မဆက်ဆံ မိသေးသည့် ကာလတွင် စွဲလမ်းရာကို မိရိုးဖလာ ယုံကြည်ကိုးကွယ်ခဲ့ ကြ၏။ မိမိတို့ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါအရာရောက် သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ရာသီဥတုကောင်း မွန်မှုမှာ စားဝတ်နေရေး ဖူလုံမှုတွင် အဓိကဖြစ်သည်။ ထိုအဓိကအချက်

mgyoe.com

mgyoe.com


အတွက် မိမိတို့သည် မိုးလေဝသကောင်းမွန်ရန်၊ ကောက်ပဲသီးနှံများ မပျက်မစီးဘဲ အထွက်ကောင်းရန်အတွက် မြေစောင့်နတ်၊ လယ်စောင့်နတ်၊ မိုးစောင့်နတ်၊ လေစောင့်နတ် စသည်ဖြင့် ရည်မှန်း၍ ကိုးကွယ်ပသမှုများ ပြုလုပ်ဆောင်ရွက်ကြ၏။ မြွေကိုကိုးကွယ်သည့် အလေ့အထလည်း ရှိခဲ့ကြသည်။ ထို့ပြင် အိမ်တွင်းနတ်များကိုလည်း ကိုးကွယ်ပသကြ၏။

ခရစ်နှစ်အစမှ စလျက် တောင်ပိုင်းအိန္ဒိယမှ ကုန်သည်တို့သည် မြန်မာနိုင်ငံအောက်ပိုင်းသို့ ဝင်ရောက်ဆက်သွယ်မှုများ ပြုနေကြပြီဖြစ်သဖြင့် ဗြာဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒပါ ရောက်ရှိလာခဲ့၏။ ထိုသို့ အိန္ဒိယတောင်ပိုင်းမှ လာရောက်ကြသူတွေသည် အဓိကအားဖြင့် သုဝဏ္ဏဘူမိသို့ ရောက်လာကြပြီး အခြေစိုက်ကြခြင်း ဖြစ်သည်။ ထိုအရပ်ဒေသတွင် ကနဦး၌ ဗြာဟ္မဏဝါဒက ဗုဒ္ဓဝါဒထက် ပိုမိုထွန်းကားပုံ ရှိလေသည်။ ဗြာဟ္မဏဝါဒဆိုရာတွင်လည်း ဗိဿနိုးကို ကိုးကွယ်မှုက ပိုမိုထင်ရှားလေသည်။ မွန်တို့ဒေသ၌ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများအရ သိရသည်မှာ မွန်တို့တွင် ဗုဒ္ဓဘာသာနှင့် ဗြာဟ္မဏဘာသာတို့သည် ဝါဒရေးရာ ပြိုင်ဆိုင်မှုများ ရှိခဲ့ကြလေသည်။

မွန်တို့သည် အိန္ဒိယပြည်တောင်ပိုင်းမှ ရောက်ရှိလာကြသော အိန္ဒိယတိုင်းရင်းသားများမှတစ်ဆင့် ဗုဒ္ဓဘာသာကိုးကွယ်မှုကို လက်ခံရရှိကြလေသည်။ ထိုဗုဒ္ဓဘာသာမှာ အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာ ဗဟိုဌာနဖြစ်သည့် ချိုလာ Chola နယ် ကဥ္စိပူရ Kanchi pura မှ ရောက်ရှိလာခြင်း ဖြစ်၏။

ဗုဒ္ဓဘာသာနှင့် တစ်ပါတည်း ဆက်စပ်လျက်ရှိသည့် ဗုဒ္ဓဘာသာ၏ အဆောင်အယောင်များဖြစ်သည့် ဗိသုကာပညာ၊ ပန်းပုအတတ်၊ ပန်းချီအတတ်၊ ဂီတ၊ အကပညာ၊ ရွှေနှင့် ငွေပန်းထိမ်အတတ်ပညာနှင့်

mgyoe.com

mgyoe.com


အခြားလက်မှ ပညာအတတ်များကိုပါ ရရှိကြ၏။ အရေးပါအရာရောက်ဆုံးမှာ ဂဒမ္ဗ အက္ခရာဖြင့် စာရေးသားနည်းကို ရလိုက်ခြင်းဖြစ်၏။

ဟိန္ဒူဘာသာ အယူအဆများကို တလင်္ဂနနှင့် ဥရစ်သ Orissa မှ ရောက်ရှိလာ၍ မွန်များက လက်ခံကျင့်သုံးခဲ့သည်။ ၎င်းဘာသာနှင့်အတူ ဟိန္ဒူ ပုရာဏကျမ်းများ၊ တရားဥပဒေ မနုဓမ္မသတ်နှင့် ဟိန္ဒူ ပူဇော်ပသနည်းစနစ်၊ ဟိန္ဒူ အခမ်းအနားကျင်းပပုံ နည်းစနစ်များ၊ သျှတ္တရများ၊ ဆေးကျမ်း၊ ဆေးပညာ၊ နက္ခတ်ပညာ၊ အဂ္ဂိရတ်ပညာရပ်များနှင့် အခြားအလားတူပညာရပ်များကိုပါ ရခဲ့ကြသည်။

မွန်တို့သည် အင်ဒိုနီးရှင်း၊ မလေးလူမျိုးများနှင့်လည်း ဆက်ဆံမှုရှိခဲ့ကြ၏။ ထိုအင်ဒိုနီးရှင်းနှင့် မလေးလူမျိုးတို့သည် အိန္ဒိယတိုင်းရင်းသားများထံမှ ယဉ်ကျေးမှုအရပ်ရပ်ကို လက်ခံရယူထားသူများ ဖြစ်ကြသော်လည်း ဟိန္ဒူအကပညာ၊ ဂီတနှင့် ဇာတ်သဘင်ပညာတို့ကို မိမိတို့ဘာသာ ပြုပြင်ပြောင်းလဲ၍ တိုးတက်မြင့်မားအောင် မွမ်းမံဆောင်ရွက်နိုင်ကြသဖြင့် ထိုပညာရပ်များသည် မွန်နှင့်ပျူတို့ကို ဩဇာလွှမ်းမိုးခဲ့သေးသည်။ ၎င်းတို့ထံမှ မွန်တို့က လှေတည်ဆောက်နည်းနှင့် ရေကြောင်းသွားလာရေး ပညာရပ်များကိုလည်း ရရှိခဲ့သည်။ ငါးဖမ်းနည်းနှင့် ငါးများကို ကြာရှည်စွာ ပြုပြင်ထားသိုနည်းများကိုလည်း ရရှိဟန်တူပါသည်။ မွန်စကားထဲ၌ ရေကြောင်းပညာနှင့် စပ်လျဉ်းသော စကားလုံးများသည် မလေးဘာသာမှ လွှဲပြောင်းယူထားသည်ကို တွေ့နိုင်ပေသည်။

မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကို တည်ဆောက်ရာတွင် အဓိကကျသော အခြေခံအုတ်မြစ်သည် ပျူယဉ်ကျေးမှုဟု ဆိုနိုင်ပါသည်။ ပျူယဉ်ကျေးမှု အရပ်ရပ်ကို အသေးစိတ် လေ့လာကြည့်ရှုပါက မြန်မာတို့သည် ပျူယဉ်ကျေးမှု အရပ်ရပ်အပေါ်၌ မည်မျှ အားပြုထားသည်ကို တွေ့ရပေလိမ့်မည်။

mgyoe.com